# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍**
**အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 15 May 2025 ၁၁၈၁၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဝန်းကျင်လေထုအရည်အသွေးတိုင်းတာခြင်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဝန်းကျင်လေထုအရည်အသွေးတိုင်းတာခြင်းများ ဆောင်ရွက်

ညောင်ဦး မေ ၁၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်အထင်ကရဘုရားကြီး(၁၁)ဆူအနီးတွင် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်လျက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

# မြို့သစ်မြို့နယ်၌ နွေစပါး လျာထားကေထက်ကျော်လွန်စိုက်ပျိုးနိုင်



မြို့သစ် မေ ၁၄

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် နွေစပါးစိုက်ပျိုးရန် ၅၉၅၅ ဧက လျာထားရာ ဧက ၅၉၆၀ အထိ ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့သစ်မြို့နယ်၌ တောင်သူများ နွေစပါးစိုက်ပျိုးရာတွင် ရေရရှိရေးအတွက် မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နတ်မောက် ဆည်ရေလှောင်တမံမှ စာမျက်နှာ ၃ ကော်လံ ၃ သို့ ❍

## ယနေ့ ဖတ်စရာ


တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၄)ကြိမ်မြောက် လှူဒါန်းသည့် Operation Room ၉၅ လုံးနှင့် Modular (Prefabricated) House ၁၈၀၄ လုံး လွှဲပြောင်းလက်ခံ စာမျက်နှာ » ၅

လျှင်ဘေး ကူညီလုပ်အား ရန်ကုန်လျှပ်စစ်လုပ်သားများ ဆောင်းပါး စာမျက်နှာ » ၆

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတွင် အသုံးပြုရန်အတွက် ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ စာမျက်နှာ » ၉





ကြေးမုံ

# မွန်မြတ်သောစိတ်ထားဖြင့်ကူညီ ပြန်လည်ထူထောင်တည်ဆောက်မည်

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့ မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးနောက် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဈေးနှုန်း မှန်ကန်စွာဖြင့် အရည်အသွေးပြည့်မီစွာ ဝယ်ယူနိုင်ရန်ရည်ရွယ်၍ ငလျင်ဒဏ်သင့် ပြည်သူများအတွက် အဆိုပါအိမ်ဆောက်ပစ္စည်းများ ရောင်းချပေးခြင်းအစီအစဉ်ကို မေလ ၁၂ ရက်နေ့မှ ၁၈ ရက်နေ့အထိ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ရောင်းချလျက်ရှိသည်။

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် မတ်လ ၂၈ ရက်နေ့မှ မေလ ၁၁ ရက်နေ့အထိ ကောက်ယူထားသော စာရင်းများအရ ထိခိုက်ပျက်စီးခဲ့မှုများမှာ နေအိမ်အဆောက်အအုံပေါင်း ၆၅၀၉၆ လုံး၊ စာသင်ကျောင်းပေါင်း ၂၅၁၄ ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းပေါင်း ၄၃၁၇ ကျောင်း၊ ဘုရားစေတီ စုစုပေါင်း ၆၀၂၇ ဆူ၊ ဆေးရုံ/ဆေးခန်းပေါင်း ၃၅၀၊ ရထားလမ်း ၃၈ ခု၊ လမ်းများ ၂၆၉ ခု၊ အမြန်(လမ်းပိုင်း) ၂၀၃ ခု၊ ဆည်တမံပေါင်း ၅၈၆ ခုနှင့် တံတားစုစုပေါင်း အစင်း ၁၇၀ တို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါထိခိုက်ပျက်စီးဆုံးရှုံးမှုများအနက် အများပြည်သူပိုင်အဆောက်အအုံများကို နိုင်ငံတော်အစိုးရက နိုင်ငံတော်ဘဏ္ဍာငွေ၊ နိုင်ငံတော်ပိုင်ပစ္စည်းများဖြင့် အလျင်အမြန် ပြန်လည်ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသလို ငလျင်ဒဏ်သင့် ပုဂ္ဂလိကပိုင်ပြည်သူများကလည်း မိမိတို့ နေအိမ်တွင် အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရန်အတွက် နေအိမ်အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းအများအလိုက် တတ်နိုင်သမျှ ပြန်လည်ပြင်ဆင်ခြင်း၊ တည်ဆောက်ခြင်းတို့ကို ဆောလျင်စွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ပြန်လည်ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို ပြုလုပ်ကြရာတွင် ပြင်ပမှ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူကြရာ၌ ပေါက်ဈေးအတိုင်း မှန်မှန်ကန်ကန် ရောင်းချကြသူများရှိသလို ဖြစ်ပေါ်ခဲ့သောအခြေအနေအပေါ် အမြတ်ထုတ်လိုကြသော ဝိသမလောဘသားများက မတန်တဆ ဈေးနှုန်းမြှင့်တင်မှုများ၊ အရည်အသွေးမပြည့်ဝ မမှန်ကန်ရောင်းချမှုများအတွက် အခက်အခဲများနှင့် စိုးရိမ်ပူပန်မှုများ ဖြစ်ကြရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူတို့၏ အခက်အခဲများကို တတ်နိုင်သမျှ ဖြေရှင်းပေးလျက်ရှိသလို တစ်ဖက်တွင် ငလျင်ဒဏ်သင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချခြင်းအစီအစဉ်ကို ဖော်ဆောင်ပေးလျက်ရှိသဖြင့် အများပြည်သူများ စိတ်ချမ်းသာ အဆင်ပြေကြသည်။

အဆိုပါအစီအစဉ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် သံ၊ သံမဏိလုပ်ငန်းရှင်များအသင်းတို့ ဦးဆောင်မှုဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဆိုင်ရာ ကုမ္ပဏီ ၆၁ ခုက ပြခန်းပေါင်း ၇၄ ခုဖြင့် ဖွင့်လှစ်ပြသရောင်းချပေးလျက်ရှိသည်။ ငလျင်ဒဏ်သင့်အဆောက်အအုံများကို SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံများ၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့်အန္တရာယ်ရှိ အဆောက်အအုံများ၊ အသစ်တည်ဆောက်ရမည့်အဆောက်အအုံများရှိပြီး စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

မန္တလေးငလျင်ကြီး လှုပ်ခတ်မှုအပြီးတွင် မြန်မာနိုင်ငံအတွင်းရှိ ဘိလပ်မြေဈေးကွက် မတည်ငြိမ်မှုဖြစ်ပေါ်ခဲ့သည်။ ငလျင်ဒဏ်သင့်ဒေသတွင်သာမက အခြားဒေသများ၌ပါ ဘိလပ်မြေဈေးနှုန်းများ အဆမတန်မြင့်တက်သွားပြီး ကုန်ပစ္စည်းများပြတ်လပ်သည်အထိ ပြည်သူများ အခက်အခဲများဖြစ်ကြရသည်။ နေပြည်တော်တွင် ပြုလုပ်သည့်ပွဲတော်ဈေးရက်တွင် စက်ရုံဈေးနှုန်းအတိုင်း ဘိလပ်မြေတစ်အိတ်လျှင် ကျပ် ၁၉၅၀၀ နှုန်းဖြင့် တစ်ရက်လျှင် ဘိလပ်မြေအိတ်တစ်သောင်း ရောင်းချပေးလျက်ရှိသည်။ လူတစ်ဦးလျှင် အိတ် ၂၀ အထိ ရောင်းချပေးသည့်အပြင် အခြားသံနှင့် သံမဏိပစ္စည်းများကိုလည်း ဈေးကွက်ဈေးနှုန်းထက် လျှော့ချရောင်းချပေးလျက်ရှိသည်။

အရောင်းပြခန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို သက်သာစွာဝယ်ယူနိုင်သည့်အပြင် ကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်ရေးနည်းပညာများကိုလည်း လေ့လာနိုင်အောင် စီစဉ်ထားသည်။ ထို့ပြင် ငလျင်နှင့်ပတ်သက်၍ ရေရှည်တွင်ကာကွယ်နိုင်အောင် အဆင့်မြင့်နည်းပညာများ၊ စနစ်တကျသုံးစွဲနိုင်သည့် အင်ဂျင်နီယာစနစ်များကိုလည်း ပြခန်းများတွင် လာရောက်လေ့လာနိုင်သည်။ ငလျင်ဒဏ်သင့်ပြည်သူများ လိုအပ်သည်များကို အဆင်ပြေစွာဝယ်ယူနိုင်ရန်အတွက် လူတစ်ဦးချင်းအလိုက် ဆောင်ရွက်ပေးလျက်ရှိသလို အခြားတစ်ဖက်တွင် ပျက်စီးသွားသည့် စေတီဘုရားများ၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်သောပစ္စည်းများကို စက်ရုံထုတ်အထူးဈေးနှုန်းများဖြင့် စေတနာရှင်၊ အလှူရှင်များအား ရောင်းချပေးလျက်ရှိရာ မွန်မြတ်သောစိတ်ထား ကူညီမှုများဖြင့် ပြန်လည်ထူထောင် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ဦးကျော်ကျော်မင်း အား အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ (ယူအေအီး)ဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် မေ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံရုံးယာယီတာဝန်ခံ/ သံအမတ်ကြီး ဦးကျော်ကျော်မင်းအား အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ (ယူအေအီး)ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၄

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေ ၁၄ ရက်အထိ သေဆုံးသူ ၃၇၂၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၄ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများ ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၀ ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၁၃ ရက် ညနေ ၅ နာရီမှ မေ ၁၄ ရက် ညနေ ၅ နာရီအတွင်း မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်ရှိ KRI SAKTHI NYANAETHIRA KANIMADAM YOGI RAMSURATKUMAR SHIRAMAM and PERSATUAN RENGANUT DEVI SHRI KARUMARIAMMAN TEMPLE က မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် လှူဒါန်းသည့် ခေါင်းအုံး၊ စောင်၊ ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် ငါးသေတ္တာ(အလေးချိန် သုည ဒသမ ၃၅၈ တန်) ရောက်ရှိခဲ့ပြီး အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ၁၄ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၇၁၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄- ၅ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၇၀၀ | ၆,၇၀၀ | ၂၀၂ | ၁,၃၅၃,၄၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၆၀၀ | ၁,၈၀၀,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁,၁၄၈ | ၂,၀၆၆,၄၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၀ | ၀ |
| EFR | ၁,၅၀၀ | ၁,၅၀၀ | ၂၃၃ | ၃၄၆,၁၀၀ |
| AMATA | ၃,၈၀၀ | ၃,၉၀၀ | ၆၅၁ | ၂,၄၇၃,၉၀၀ |
| MAEX | ၃,၀၅၀ | ၃,၀၅၀ | ၄၁၆ | ၁,၂၆၈,၈၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ဆန်များပေးအပ်

နေပြည်တော် မေ ၁၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပန်းတနော်မြို့နယ် လူထုအခြေပြုဇဟိုဌာန ရွှေနော်သီရိခန်းမ၌ ကျင်းပသော ပန်းတနော်မြို့နယ်အတွင်း ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့မှ ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

**ပေးအပ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ပန်းတနော်မြို့နယ်အတွင်း ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်နှင့် မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်တို့က တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ နှင့် ဆန်တစ်ပြည်နှုန်းဖြင့် ယာယီနေရပ်စွန့်ခွာသူ စုစုပေါင်း ၂၇၃ ဦးအတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၄

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မန္တလေးငလျင်ကြီး ဖြစ်ပွားခဲ့သည့် ဒေသများတွင် ICRC မှ ငလျင်ဘေးသင့်ပြည်သူများအတွက် ကူညီဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ ICRC အနေဖြင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

❂ **ရှေ့ဖုံးမှ**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံ-ညောင်ဦးဒေသ သမိုင်းဝင်အထင်ကရ ဘုရား၊ စေတီများသို့လာရောက်ဖူးမြော်ကြသည့် ခရီးသွားဧည့်သည်များနှင့် ဘုရားစေတီပုထိုးများအနီးတွင် ဒေသထွက်ကုန်ပစ္စည်းများရောင်းချလျက်ရှိသော ဈေးသူ/ဈေးသားများ၏ ကျန်းမာရေးအပေါ်အကျိုးသက်ရောက်မှု၊ ဘုရား၊ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများ၏ အကျိုးသက်ရောက်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးတို့ကို သိရှိနိုင်ရန်နှင့် ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးများကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်၍ မေလမှစတင်ကာ လစဉ်တိုင်း ဝန်းကျင်လေထုအရည်အသွေးတိုင်းတာထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင်လည်း ရွှေစည်းခုံစေတီတော်ရင်ပြင်၌ ဝန်းကျင်လေထုတိုင်းတာခြင်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်နန်းနွယ်၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်တင့်တင့်အောင်၊ ခရိုင်သာသနာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းသိန်းနှင့်ဝန်ထမ်းများ၊ ရွှေစည်းခုံဘုရားဂေါပကအဖွဲ့တာဝန်ရှိသူများနှင့် တိုင်းတာရေးအဖွဲ့ဝင်များက Carbon Monoxide (CO)၊ Carbon Dioxide ($CO_2$)၊ Nitrogen Dioxide($NO_2$)၊ Sulphur Dioxide ($SO_2$)၊ Ozone ($O_3$)၊ Particulate Matter ($PM_{10}$၊ $PM_{2.5}$)နှင့် Relative Humidity (RH%) စသည့် Parameter ခုနစ်မျိုးပါဝင်သော Scentroid SL 50 တိုင်းတာရေးစက်ဖြင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

○ **မြို့သစ်မှ**

ဧက ၃၉၆၀၊ ပုလင်းဆည်ရေလှောင်တမံမှ ၇၈၉ ဧက၊ စွန်ဆည်ရေလှောင်တမံမှ ၆၁၈ ဧက၊ ဆဒ္ဒန်ဆည်ရေလှောင်တမံမှ ၅၉၃ ဧက စုစုပေါင်း ဧက ၅၉၆၀ အထိ ရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးကောင်းမျိုးသန့် စပါးမျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းပညာပေးဆောင်ရွက်ခြင်း၊ စိုက်ပျိုးရာတွင် နည်းစနစ်ကျနစွာ စိုက်ပျိုးနိုင်ရေး၊ မြေဆီမြေဩဇာ အချိုးကျမှန်ကန်စွာ သုံးစွဲနိုင်ရေးနှင့် လိုအပ်သည့်နည်းပညာများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းအိဇွန်(ပြန်/ဆက်)**

## သမဝါယမအသင်းသားများ၏ နွေစပါးစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

တောင်ကြီး မေ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် လွယ်မောကျေးရွာရှိ ရွှေမင်းသားစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းသား တောင်သူ ၁၀၈ ဦး၏ နွေစပါးစိုက်ဧက ၃၂၄ ဧက၊ ကျေးထက်ကျေးရွာ မြပုလဲစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ၅၀ ၏ နွေစပါးစိုက်ဧက ၂၃၀၊ တောင်ကြီးမြို့နယ် မိုင်းသော်အရှေ့ကျေးရွာအုပ်စု ဘုရားငါးဆူကျေးရွာ ချယ်ရီမြေစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းသား ၃၄ ဦး၏ နွေစပါးစိုက်ဧက ၅၃၀ စိုက်ပျိုးထားရှိမှုများကို ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး မြို့နယ် သမဝါယမအသင်းစုများနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မိုင်းလီကျေးရွာအုပ်စု မိုင်းအင်းကျေးရွာ အောင်သီဟလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသား ၁၁ ဦး၏ နွေစပါးစိုက်ဧက ၆၀ ကို ကွင်းဆင်းကြည့်ရှုပြီး ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး လိုအပ်သော သွင်းအားစုများရရှိစေရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒေါက်တာစိုးဝင်း ဝန်ကြီးဌာနများ၌ Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့် တပ်ဆင်လျက်ရှိသည့် အခြေအနေများ ကြည့်ရှုစစ်ဆေး





နေပြည်တော် မေ ၁၄

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီအဖွဲ့ ဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တို့သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဥပဒေ ရေးရာဝန်ကြီးဌာန ပြည်ထောင်စု တရား လွှတ်တော်ချုပ်ရုံးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနတို့၌ Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများ နှင့် တပ်ဆင်လျက်ရှိသည့် အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ နှင့်အဖွဲ့သည် ဥပဒေရေးရာဝန်ကြီး ဌာနသို့ ရောက်ရှိကြပြီး အစည်း အဝေးခန်းမ၌ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးတို့အား တရုတ်နည်းပညာရှင် အဖွဲ့မှ တာဝန်ရှိသူများက Prefabricated Office များ၏ Models၊ အချက် အလက်များနှင့် တပ်ဆင်ရာတွင် ဆောင်ရွက်သွားရမည့် အင်ဂျင် နီယာပိုင်းဆိုင်ရာ နည်းပညာကိစ္စ ရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက သိရှိ လိုသည်များကို မေးမြန်းဆွေးနွေး ကြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးများသည် ရုံးဝင်းအတွင်း တရုတ်နည်းပညာရှင် အဖွဲ့မှ Prefabricated Office များ တပ်ဆင်လျက်ရှိသည့် အခြေအနေ များကို လိုက်လံကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးများနှင့် အဖွဲ့သည် ပြည်ထောင်စု တရားလွှတ်တော် ချုပ်ရုံးသို့ ရောက်ရှိကြပြီး ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌွေးနှင့်အတူ အဆိုပါရုံးဝင်း အတွင်း Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေ များနှင့် တပ်ဆင်လျက်ရှိသည့် အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေး၍ လိုအပ်သည် များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးများနှင့်အဖွဲ့သည် နိုင်ငံ ခြားရေးဝန်ကြီးဌာနသို့ ရောက်ရှိ ကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နှင့်အတူ အဆိုပါရုံးဝင်းအတွင်း Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများ နှင့် တပ်ဆင်လျက်ရှိသည့် အခြေ အနေများကို လိုက်လံကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြား

နေပြည်တော် မေ ၁၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆) အခြေခံ ပညာအထက်တန်းကျောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ ရွှေနံ့သာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မင်းကုန်း အခြေခံပညာအထက်တန်းကျောင်းနှင့် တောင်ညို အခြေခံပညာအထက်တန်းကျောင်းများ သို့ သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်းသင်ကြားလေ့ကျင့် နေမှုအခြေအနေများ၊ ကျောင်းအိပ်၊ ကျောင်းစား ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ကျောင်းသား ကျောင်းသူများ ရာနှုန်းပြည့် စခန်းသွင်းဝင်ရောက်ရေး၊ ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများ အလေးထားဆောင်ရွက်ပေးနိုင်ရေး၊ ဆရာ ဆရာမများနှင့် အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူ များက မိဘများနှင့်တွေ့ဆုံညှိနှိုင်းပြီး ကျောင်းသား ကျောင်းသူများ စခန်းသွင်းဝင်ရောက်နိုင်ရေး၊ ကျောင်းသား ကျောင်းသူများအား စည်းကမ်း စနစ်တကျရှိစေရေး တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ကာ စခန်းသွင်းသင်ကြားလေ့ကျင့်နေသည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် စားသောက်စရိတ်များပေးအပ်သည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် မောင်ရမ်း ကျေးရွာရှိ ကွင်းအမှတ် (၁၈၈၅) တောင်သူ ဦးအောင်မြင့်ထွန်း၏လယ်ကွက်တွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော မျိုးခုနစ်မျိုး ယှဉ်ပြိုင် စမ်းသပ်ကွက် စိုက်ပျိုးထားရှိမှုကို သွားရောက် ကြည့်ရှုပြီး တောင်သူများနှင့်တွေ့ဆုံ၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌက တောင်သူများအနေဖြင့် အောင်နိုင် တိုးစပါးမျိုးများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် သဘာဝမြေဩဇာရရှိရန်အတွက် ပိုက်ဆံလျှော်များ စိုက်ပျိုးနိုင်ရေးတို့ကို မှာကြားကာ တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မျိုးခုနစ်မျိုး ယှဉ်ပြိုင် စမ်းသပ်ကွက် စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှု ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးထိန်လင်း မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ရန်ကုန်မြင်းစီးအသင်းတို့နှင့် တွေ့ဆုံ

ရန်ကုန် မေ ၁၄

ရန်ကုန် မြင်းစီးအသင်း ပြန်လည်ဖွဲ့စည်းရေးနှင့် မြင်းစီး အားကစားနည်း ဖွံ့ဖြိုးတိုးတက် ရေးအတွက် မြန်မာနိုင်ငံမြင်းစီး အားကစားအဖွဲ့ချုပ်၊ ရန်ကုန် မြင်းစီးအသင်းတို့နှင့် တွေ့ဆုံ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။

## တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ် ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် နှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် တို့မှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံမြင်းစီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရန်ကုန်မြင်းစီး အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

## ပူးပေါင်းဆောင်ရွက်

ဦးစွာ ဒုတိယဝန်ကြီးက ရန်ကုန်မြင်းစီးအလုပ်အမှုဆောင် အဖွဲ့သစ်ကို စနစ်တကျရွေးချယ် တင်မြှောက်နိုင်ရေး အတွက် ဆောင်ရွက်ရန်၊ မြင်းစီးအားကစား ပိုမို တိုးတက်အောင်မြင်ရန်၊ မြင်းစီးအဖွဲ့ချုပ် ဖွဲ့စည်းပုံ စည်းမျဉ်းတွင် ကလပ်အသင်းများ နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် ပြင်ဆင်ရေးဆွဲရန်နှင့် နိုင်ငံတကာ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင် အောင်မြင်မှု ရရှိနိုင်ရန်အတွက် ပူးပေါင်းဆောင် ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တက်ရောက်လာသူများက ရန်ကုန် မြင်းစီးအသင်း အမှုဆောင်အဖွဲ့ ပြန်လည် ဖွဲ့စည်းနိုင်ရေးနှင့် မြင်းစီးအားကစား တိုးတက် အောင်မြင်စေရေးအတွက် လိုအပ် သည်များကို အကြံပြုဆွေးနွေး ကြရာ ဒုတိယဝန်ကြီးက တင်ပြ ဆွေးနွေးချက်များအပေါ် ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းပေးပြီး မြင်းစီး အားကစားဖြင့် နိုင်ငံတကာ နယ်ပယ်တွင် မြန်မာနိုင်ငံအဆင့် အတန်းကို ပြသနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ခဲ့သည့် ရေလှောင်တမံနှင့် ရေအားအဆောက်အအုံများ ကွင်းဆင်းစစ်ဆေးတွေ့ရှိမှုနှင့် နည်းပညာဆိုင်ရာညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၄

အင်အား အလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ခဲ့သည့် ရေလှောင်တမံနှင့် ရေအားအဆောက်အအုံများအား မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနှင့် ဆည်မြောင်း ဝန်ထမ်းဟောင်းများအသင်းတို့မှ အင်ဂျင်နီယာပညာရှင်များက ပူးပေါင်းကွင်းဆင်းပြီး လေ့လာတွေ့ရှိချက်များနှင့် ပတ်သက်၍ ပြန်လည်ပြုပြင်တည်ဆောက်ရန် နည်းပညာဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ညှိနှိုင်းအစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်းမှ အင်ဂျင်နီယာပညာရှင်များ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင်နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ထိန်းသိမ်း စီမံလျက်ရှိသည့် ရန်အောင်မြင် ရေလှောင်တမံ၊ ချောင်းမကြီးရေလှောင်တမံနှင့် ရေငန်း ရေလှောင်တမံတို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့မှုများအပေါ် ပြန်လည်ပြုပြင် တည်ဆောက်မည့် အစီအမံများ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းစီမံလျက်ရှိသည့်ရေလှောင်တမံများ ထိခိုက်ခဲ့မှုအပေါ် ပြန်လည်ပြုပြင်တည်ဆောက်မည့် အစီအမံများကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရှိ အသစ်ပြန်လည် တည်ဆောက်ဆဲဖြစ်သော စမုံရေငုပ်ပြွန်၏ အောက်ခံမြေသားနှင့် အုတ်မြစ်ပိုင်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဆောင်ရွက်ဆဲ စမုံရေငုပ်ပြွန်အား နေရာပြောင်းရွှေ့ တည်ဆောက်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

အလားတူ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် အင်အားပြင်းထန်သော ငလျင်ဒဏ်နှင့် ကြီးမားသော ရေကြီးရေလျှံမှုဒဏ် ခံနိုင်မည့် ဒီဇိုင်းပုံစံကို ရေးဆွဲဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဆောင်ရွက်ပြီးရေလှောင်တမံနှင့် ရေအားအဆောက်အအုံများကိုလည်း ပိုမိုခိုင်ခံ့စေရေး အားဖြည့်ပြုပြင်သွားရန် လိုအပ်မှု အခြေအနေများကို အလေးအနက်ထား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း ကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးဇော်လင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့်လေ့ကျင့်ရေး<br>ဦးစီးဌာန(ရုံးချုပ်)<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသား<br>လူမျိုးများဖွံ့ဖြိုးတိုးတက်<br>ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| ( ခ ) ဦးသိန်းဝင်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး (သာသနာရေး)<br>သာသနာရေးနှင့်ယဉ်ကျေးမှု<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကား<br>ပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှု<br>ဝန်ကြီးဌာန |

## နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၁၄

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ **မိုး/ဇလ**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၄)ကြိမ်မြောက်လှူဒါန်းသည့် Operation Room ၉၅ လုံးနှင့် Modular(Prefabricated) House ၁၈၀၄ လုံး လွှဲပြောင်းလက်ခံ

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးကိစ္စများ အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် Operation Room ၉၅ လုံး တင်ဆောင်လာသည့် MTT Sapangar သင်္ဘောသည် မေ ၁၂ ရက် ည ၆ နာရီခွဲနှင့် Modular(Prefabricated)House ၁၈၀၄ လုံး တင်ဆောင်လာသည့် SOUTHERN VENTURE သင်္ဘောသည် မေ ၁၃ ရက် ည ၆နာရီ ၃၈ မိနစ်တွင် သီလဝါ(MITT)ဆိပ်ကမ်းသို့ ရောက်ရှိသည်။




ထိုသို့ရောက်ရှိလာသည့် Operation Room ၉၅လုံးနှင့် Modular (Prefabricated) House ၁၈၀၄ လုံးတို့အား ယနေ့ နံနက်ပိုင်းက လွှဲပြောင်းလက်ခံရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် တရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing ထံမှ သီလဝါဆိပ်ကမ်း၌ (၁၄)ကြိမ်မြောက် လွှဲပြောင်းလက်ခံခဲ့သည်။

အဆိုပါရောက်ရှိလာသည့် Operation Room ၉၅ လုံးအား ကျန်းမာရေးဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဒေသများသို့ ပို့ဆောင်သွားမည်ဖြစ်ပြီး Modular (Prefabricated) House ၁၈၀၄ လုံးကို SOUTHERN VENTURE သင်္ဘောပေါ်မှ ကုန်တင်ယာဉ်များပေါ်သို့ ကရိန်းဖြင့် ချနေသည့် အခြေအနေများကို လည်းကောင်း၊ ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာ့မီးရထားဖြင့် သယ်ယူပို့ဆောင်နိုင်ရေး ကုန်တင်ယာဉ်ပေါ်မှ ရထားတွဲပေါ်သို့ ကရိန်းဖြင့် တင်ဆောင်နေသည့် အခြေအနေများကို လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့က လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ငလျင်ဘေး ကူညီလုပ်အား ရန်ကုန်လျှပ်စစ်လုပ်သားများ

မောင်မောင်စွယ်စုံထွန်း

ရန်ကုန်မြို့ရှိ ရုံးခန်းတွင် ကျွန်တော်တာဝန်ထမ်းဆောင်နေစဉ် မတ်လ ၂၈ ရက်နေ့ မွန်းလွဲပိုင်းက ရုတ်တရက်ငလျင်ပြင်းထန်စွာလှုပ်ခတ်ပြီးနောက် လျှပ်စစ်မီးများနှင့် ဖုန်းလိုင်းများ ပြတ်တောက်သွားခဲ့သည်။ အဆိုပါ မြေငလျင်ဒဏ်ကြောင့် မြန်မာတစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးပေးနေသည့် ဓာတ်အားစနစ်နှင့် ချိတ်ဆက်ထားသော ငလျင်ဘေးသင့်ဒေသများရှိ ဓာတ်အားပေးစက်ရုံ၊ ထပ်ဆင့်ဓာတ်အားဖြန့်ဖြူးပေးသည့် ခွဲရုံနှင့် ဓာတ်အားလိုင်းများ၏ ဓာတ်လွှတ်ပစ္စည်းများ အများအပြားပျက်စီးချွတ်ယွင်းမှု ဖြစ်ပေါ်ခဲ့ရသည်ဟု သိရှိရသည်။

### အမြန်ဆုံးအင်အားစုဖွဲ့၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်

လျှပ်စစ်မီးရရှိရေးသည် ငလျင်ဘေးကူညီကယ်ဆယ်နိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည်နှင့်အညီ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူအဆင့်ဆင့်က ဓာတ်အားအမြန်ဆုံး ပြန်လည်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးမှ ဝန်ထမ်းများအား အလျင်အမြန်စုဖွဲ့၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတ်အားပို့လွှတ်ရေး လိုင်းကြီးများကို လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်း စုဖွဲ့အင်အား ၁၃၄ ဦးဖြင့်လည်းကောင်း၊ ဓာတ်အားဖြန့်ဖြူးရေး လိုင်းငယ်များကို နေပြည်တော် တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများအပြင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လျှပ်စစ်ဝန်ထမ်း ၄၂၆ ဦးဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနယ်မြေအတွင်း၌ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ လျှပ်စစ်ဝန်ထမ်း ၅၄၅ ဦးတို့ဖြင့်လည်းကောင်း အမြန်ဆုံးအင်အားစုဖွဲ့၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရသည်။



စက်ယန္တရားဝင်မရသည့်နေရာများတွင် လူအင်အားဖြင့် အပင်ပန်းခံကာ လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်ပေးစဉ်။

ထိုသို့ စုဖွဲ့ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ၌ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်ဦးစီး၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဒုတိယဝန်ကြီးကိုယ်တိုင် ဦးစီး၍လည်းကောင်း ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရခြင်းလည်း ဖြစ်သည်။

ကျွန်တော်တို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် ငလျင်ဖြစ်ပွားခဲ့ပြီးချိန်မှစ၍ ဝန်ထမ်းများကို အလျင်မြန်ဆုံးစုဖွဲ့နိုင်ခဲ့ပြီး ရုံးချုပ်နှင့် ခရိုင်များမှ စုဖွဲ့အင်အား ၁၅၁ ဦးဖြင့် မတ်လ ၂၉ ရက်နေ့တွင် နေပြည်တော်သို့ ဦးစွာထွက်ခွာရောက်ရှိခဲ့ပြီး မတ်လ ၃၀ ရက်နေ့တွင် လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခဲ့သည်။

စင်စစ်တွင်မူ လျှပ်စစ်ဝန်ထမ်းများအနေဖြင့် ငလျင်ဘေးသင့်ဒေသရှိ မိမိတို့ဆွေမျိုးသားချင်းများ၏ ငလျင်ဘေးဒုက္ခခံစားနေရမှုများကိုပင် သတင်းမမေးအား၊ လှည့်မကြည့်အားဘဲ အထက်မှပေးအပ်သည့် တာဝန်ကို ဦးထိပ်ထား၍ အမြန်ဆုံးသွားရောက် လုပ်အားပေးခဲ့ကြရခြင်းလည်း ဖြစ်သည်။ ထိုသို့ ထွက်ခွာခဲ့ရာတွင်လည်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌဦးဆောင်သော တာဝန်ရှိသူများ၏ ကြပ်မတ်လမ်းညွှန်မှုတို့ဖြင့် မိဘသဖွယ် ပြည့်ပြည့်စုံစုံမှာကြားနာယူပြီးမှ တာဝန်ထမ်းဆောင်ရမည့်နေရာတွင် ချက်ပြုတ်စားသောက်ရန် စားရေရိက္ခာများ၊ ဆေးဝါးပစ္စည်းများ၊ ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်သော ပစ္စည်းများနှင့်အတူ စတင်ခရီးထွက်ခွာခဲ့ကြခြင်းလည်းဖြစ်သည်။

ငလျင်ဒဏ်ခံစားခဲ့ရခြင်းမရှိသည့် ရန်ကုန်မြို့တွင် အိုးမကွာအိမ်မကွာ နေထိုင်စားသောက်ရေးအဆင်ပြေစွာ တာဝန်ထမ်းဆောင်နိုင်ကြပါလျက် ငလျင်ဒဏ်သင့်ဒေသများအား လျှပ်စစ်ဓာတ်အားအမြန်ဖြန့်ဖြူးနိုင်ရန်အတွက် လျှပ်စစ်ဝန်ထမ်းများသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာယီအဆောက်အအုံများတွင် ဖြစ်သလိုနေထိုင်၍ မိမိဘာသာ ချက်ပြုတ်စားသောက်ကာ တာဝန်ကို အချိန်နှင့်တစ်ပြေးညီ ထမ်းဆောင်ခဲ့ကြရသည်။

ထိုသို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လျှပ်စစ်ဝန်ထမ်းများသည် မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပျက်စီးသွားသော နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်းတိုင်များကို နေပြည်တော်ရောက်ရှိချိန်မှစ၍ နေ့ညစိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်များသာမက ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဝန်ကြီးဌာနအတော်များများကို ဧပြီလ ၃ ရက်နေ့တွင် လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဧပြီလ ၅ ရက်နေ့တွင် ဒက္ခိဏသီရိမြို့နယ်သို့ ရာနှုန်းပြည့်ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ဧပြီလ ၉ ရက်နေ့တွင် ခွဲရုံအမှတ် (၇) ၌ ၂၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံးကို အသစ်လဲလှယ်တပ်ဆင်ပေးနိုင်ခဲ့သည်။ သာမန်အခြေအနေတွင် စက်ယန္တရားများဖြင့် ဆောင်ရွက်ကြသော်လည်း ငလျင်ကြောင့် လမ်းများပျက်စီး၍ စက်ယန္တရား ဝင်မရသည့် နေရာများတွင် လမ်းပြင်ပြီးသည်အထိ မစောင့်ဘဲ လူအပင်ပန်းခံ၍ လျှပ်စစ်ဓာတ်အားအမြန်ပေးနိုင်အောင် စေတနာရှေ့ထားလျက် ပင်ပန်းဒုက္ခခံကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဤကဲ့သို့ အလျင်အမြန် ဓာတ်အားပေးနိုင်ခဲ့ခြင်းဖြစ်သည်။

### ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများကို အင်တိုက် အားတိုက်ဆောင်ရွက်

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးငွေးနိုင်ဦးဆောင်သော ဝန်ထမ်း ၁၅၁ ဦးက တာဝန်ရှိသူအဆင့်ဆင့်၏ ထိရောက်သော ကြပ်မတ်ကွပ်ကဲမှုဖြင့် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ရာ သင်္ကြန်မတိုင်မီ ဧပြီလ ၁၀ ရက်နေ့ ညနေတွင် ကူညီရေးအရေးပေါ်လုပ်ငန်းများကို လက်စသတ် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍ ဧပြီလ ၁၁ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်သို့ လာရောက်ကူညီပေးခဲ့သော ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဝန်ထမ်းများအားလုံးကို တွေ့ဆုံ၍ ကျေးဇူးတင်ဂုဏ်ပြုစကားများ ပြောကြားခဲ့သည်။ အဆိုပါနေ့ မွန်းလွဲပိုင်းတွင် အင်အား ၈၀ သည် ပထမအသုတ်အနေဖြင့်

**စာမျက်နှာ ၇ သို့**



စက်ယန္တရားအကူအညီမပါဘဲ လူအင်အားဖြင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်ပေးစဉ်။

- **ဓာတ်အားအမြန်ဆုံး ပြန်လည်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးမှ ဝန်ထမ်းများအား အမြန်ဆုံးအင်အားစုဖွဲ့၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့**
- **ငလျင်အင်အားကြီးမား၍ ဆုံးရှုံးမှုများပြားခဲ့သော်လည်း လျှပ်စစ်ဝန်ထမ်းများအနေဖြင့် ကိုယ်ကျိုးမဖက် အများအကျိုးအတွက် တာဝန်မရှောင်၊ အန္တရာယ်မမှုဘဲ အချိန်နှင့်တစ်ပြေးညီ သွားရောက်ကူညီ ဆောင်ရွက်ပေးနိုင်ခဲ့၍သာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များသည် လျှပ်စစ်ဓာတ်အားအမြန်ဆုံးပြန်လည်ရရှိစေခဲ့ရုံမျှမက တစ်နိုင်ငံလုံး ချိတ်ဆက်ထားသော ဓာတ်အားစနစ်ကြီးတစ်ခုလုံးကို အလျင်အမြန် ဓာတ်အားအပြည့်အဝ ပြန်လည်ရရှိစေရေးကိုလည်း အထောက်အကူပြုပေးနိုင်ခဲ့ခြင်းပင်ဖြစ်**

ပညာရေးဝန်ကြီးဌာန

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်
## "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ပညာရေးဝန်ကြီးဌာန

## "၂၀၂၅-၂၀၂၆ ပညာသင်နှစ်"
## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေး အစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG) သင်ရိုးသစ်
၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ(၁)စုံ

(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း (Grade 2) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ(၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

(ဋ) ဒသမတန်း (Grade 10) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂)ချောင်း

(ဌ) ဧကာဒသမတန်း (Grade 11) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂) ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ်(၁)ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ(၂) ချောင်း



မန္တလေးမြေငလျင်ကြောင့် ပျက်စီးခဲ့ရသည့် လျှပ်စစ်ဓာတ်အားလိုင်းများ အမြန်ဆုံးပြန်လည်ကောင်းမွန်စေရန် လျှပ်စစ်လုပ်သားများ အန္တရာယ်မမှုဘဲ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်စဉ်။

❂ စာမျက်နှာ ၆ မှ

ပြန်လည်ထွက်ခွာခဲ့ပြီး ကျန်အင်အား ၇၀ သည် ဧပြီလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရောက်ရှိခဲ့ကြသည်။

ယခုဖြစ်စဉ်အား သုံးသပ်ပါက သဘာဝဘေးဖြစ်သည့် ငလျင်အင်အားကြီးမား၍ ဆုံးရှုံးမှုများပြားခဲ့သော်လည်း လျှပ်စစ်ဝန်ထမ်းများအနေဖြင့် ကိုယ်ကျိုးမဖက် အများအကျိုးအတွက် တာဝန်မရှောင်၊ အန္တရာယ်မမှုဘဲ အချိန်နှင့်တစ်ပြေးညီ သွားရောက်ကူညီ ဆောင်ရွက်ပေးနိုင်ခဲ့၍သာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များသည် လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်ရရှိစေခဲ့ရုံမျှမက တစ်နိုင်ငံလုံး ချိတ်ဆက်ထားသော ဓာတ်အားစနစ်ကြီး တစ်ခုလုံးကို အလျင်အမြန် ဓာတ်အားအပြည့်အဝ ပြန်လည်ရရှိစေရေးကိုလည်း အထောက်အကူပြုပေးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် လျှပ်စစ်မီးတိုင်များနှင့် ဓာတ်အားလိုင်းများ ပျက်စီးမှုရှိခဲ့ခြင်းကြောင့် ကွန်ကရစ်တိုင်ပေါင်း ၂၂၈၉ လုံး ပျက်စီးခဲ့ရာ မေလ ၆ ရက်နေ့အထိ ကွန်ကရစ်တိုင် ၁၇၈၄ လုံး ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်ခဲ့ပြီး လျှပ်စစ်ဓာတ်အားများလည်း ရာနှုန်းပြည့်နီးပါး ဖြန့်ဖြူးပေးလျက်ရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၈၀ ရာခိုင်နှုန်းကျော်ပြီးစီးခဲ့ပြီး ကျန်ရှိနေသေးသော ဥတ္တရသီရိမြို့နယ်အတွင်း အချို့နေရာများကိုလည်း နေပြည်တော်တိုင်း လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ မကြာမီ ရာနှုန်းပြည့် ပြန်လည်ပြုပြင် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ မည်သူတွေ မည်သို့ပင် ပြောဆိုဝေဖန်နေကြပါစေ၊ မည်မျှခက်ခဲကြမ်းတမ်းပါစေ၊ မိသားစုအရေး မည်သို့ဖြစ်နေပါစေ မငဲ့ညှာအားဘဲ အထက်မှ ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ကြိုးစားထမ်းဆောင်ပေးနိုင်ခဲ့သည့် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ လျှပ်စစ်ဝန်ထမ်းကြီးများအား အောက်ပါကဗျာလေးဖြင့် ဂုဏ်ပြုဖော်ကျူးရင်း မှတ်တမ်းတင်ဂုဏ်ပြုရေးသားလိုက်ရပါသည်။

### ကူညီလုပ်အား ရန်ကုန်လျှပ်စစ်လုပ်သားများ

❖ မန္တလေးငလျင်ကြီးဆို
ဘဝတွေမှောက်လဲပြို
သောကတွေရောက်မြဲပို
ကမ္ဘာကြီးပျက်ခဲ့သလို။ ။

❖ လုပ်မြဲအလုပ်
နောက်မဆုတ်တမ်း
ရှေ့သို့လှမ်းမည်
ရန်ကုန်လျှပ်စစ်သည် ။ ။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ရုရှားဘာသာစကား အခြေခံသင်တန်းဖွင့်ပွဲ တက်ရောက်

ထားဝယ် မေ ၁၄

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် ဖွင့်လှစ်သော ရုရှားဘာသာစကား အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ထားဝယ်မြို့ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီး ထားဝယ်ရေနက် ဆိပ်ကမ်းအထူးစီးပွားရေးဇုန်လုပ်ငန်း ဆောင်ရွက်ရာတွင် ဒေသအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရုရှားဘာသာစကားကို လေ့လာဆည်းပူးပြီး မိမိတို့၏စကားစာပေ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲအောင် မြတ်နိုးတန်ဖိုးထား ထိန်းသိမ်း၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် မကြာခင်ကာလအတွင်း စတင်ဆောင်ရွက်မည့် ထားဝယ်ရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်လုပ်ငန်းတွင် လာရောက်လုပ်ကိုင်ကြမည့်သူများနှင့် ပြောဆိုဆက်ဆံကြသည့်အခါ၌ ဒေသအတွင်းနေထိုင်ကြသူများ ဘာသာစကား ကျွမ်းကျင်တတ်မြောက်ထားရန် လိုအပ်ကြောင်း၊ အထူးသဖြင့် လောင်းလုံးဒေသနှင့် အလားသဏ္ဍာန်တူသည့် ထိုင်းနိုင်ငံ ဖူးခက်သည် အောင်မြင်နေကြောင်း၊ လောင်းလုံးဒေသသည် ရေခံမြေခံကောင်းပြီး ဖွံ့ဖြိုးတိုးတက်နိုင်သော ဒေသဖြစ်ကြောင်း၊ လောင်းလုံးဒေသတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများရှိကြောင်း၊ ယခုအခါ ခရီးသွားဧည့်သည်များ လျော့နည်းသွားသည့်အတွက်ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် နှောင့်နှေးနေသည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သင်တန်းသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။

ရုရှားဘာသာစကားအခြေခံသင်တန်းကို မေ ၁၄ ရက်မှ ဇွန် ၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ လူငယ်လူရွယ်များ၊ စိတ်ပါဝင်စားသူများ စုစုပေါင်း ၁၅၀ ခန့်အား သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာ၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ သင်တန်းစခန်းအလိုက် ပြိုင်ပွဲများပြုလုပ်

နေပြည်တော် မေ ၁၄

ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက် စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် လေ့လာရေးခရီး လာရောက်ကြသော ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများအား ပြခန်း



ခန်းမဆောင်၌ ပြသထားသော နျူကလီးယားနည်းပညာ အသုံးပြု၍ ရောဂါရှာဖွေမှု(တိုမိုဂရမ်) နမူနာပုံစံ၊ အသေးစားလျှပ်စစ်ဓာတ်အား ထုတ် ဓာတ်ပေါင်းဖို အမျိုးအစား တစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်း ပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြ နမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကို တိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင် ပါရှိသော ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံ အကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်း စနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့်သဘာဝ ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့် စက်၊ နျူကလီးယား ဓာတ်ပေါင်းဖို တစ်ခု၏အတွင်းပိုင်း ပါဝင်ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသထားသည့် ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာပုံစံငယ်တို့ကို အသေးစိတ် ရှင်းလင်းပြောကြားသည်။



ယင်းနောက် ရေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများသည် ဗီဒီယိုပြခန်းမဆောင်၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသထားသည့် သီချင်း MTV၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစား လျှပ်စစ်ဓာတ်အား ထုတ်ဓာတ်ပေါင်းဖို တည်ဆောက်မှုအတွေ့အကြုံများ ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံ အကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ကဏ္ဍအသီးသီးတို့တွင် လက်တွေ့ကျကျ အသုံးပြုနေခြင်းဆိုင်ရာ ပိုစတာများကို လေ့လာကြည့်ရှုကြသည်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းစခန်းများဖြစ်သည့် မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်း၊ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း၊ ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီး သင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ ပြည်သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာသင်တန်းစခန်း၊ နေပြည်တော်သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်းနှင့် ကိုကိုးကျွန်းသင်တန်းစခန်း စသည့်သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသားများသည် နေပြည်တော် ကောင်စီနယ်မြေရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ပြုလုပ်သည့် စခန်းပေါင်းစုံ RC လေယာဉ်မောင်းနှင်ခြင်းနှင့် RC ရဟတ်ယာဉ် မောင်းနှင်ခြင်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများ ကျင်းပနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ သင်တန်းစခန်းအသီးသီးမှ အုပ်ချုပ်သူနည်းပြများ၊ ဆရာမများနှင့် သင်တန်းသားများက တက်ရောက်အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကမာရွတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ Urban Health Center ဖွင့်ပွဲပြုလုပ်

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် ယနေ့နံနက်ပိုင်းက Urban Health Center ဖွင့်ပွဲကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပ၍ ကုသစောင့်ရှောက်မှုများ ဆောင်ရွက်သည်။

အဆိုပါဖွင့်ပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသင်းသင်းနိုင်က Center ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များနှင့် ပြည်သူများအား ဝန်ဆောင်မှုပေးနိုင်သော ရောဂါများအကြောင်းကို အသိပညာပေး ဟောပြောသည်။

ထို့နောက် မိဘပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်ပေးခဲ့ပြီး အဆိုပါ Center တွင် အဓိက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ကိုယ်ဝန်ဆောင်အသစ် စောင့်ရှောက်ခြင်း၊ ကူးစက်ရောဂါများ၊ မကူးစက်သောရောဂါများ ဆီးချို၊ သွေးတိုး၊ သက်ကြီးရွယ်အို စောင့်ရှောက်မှု၊ သွားရောဂါကုသခြင်း၊ (၂)နှစ်အောက်ကလေး ကာကွယ်ဆေးထိုးနှံခြင်း၊ မီးဖွားပြီး မိခင်စောင့်ရှောက်ခြင်း၊ ကိုယ်ဝန်ဆောင်အဟောင်း



စောင့်ရှောက်ခြင်း၊ ငါးနှစ်အောက်ကလေးများ ပြုစုစောင့်ရှောက်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတွင် အသုံးပြုရန်အတွက် ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတွင် အသုံးပြုရန်အတွက် ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဧည့်တွေ့ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူး Mr.Li Qianguo က ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်း အကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က မန္တလေးငလျင်ကြီး ဘေးဒဏ်ကြောင့် ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ယခုကဲ့သို့ထောက်ပံ့ပစ္စည်းများ လာရောက်ထောက်ပံ့လှူဒါန်းပေးသည့်အတွက် ပြည်ထောင်စုဝန်ကြီးကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်နိုင်ငံ ချန်ဒူးမြို့၌ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်နှင့် ဆွေးနွေးပြောကြားခဲ့သည့် အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးထံ ဆက်လက်တင်ပြ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူး Mr.Li Qianguo က ရုံးသုံးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အညွန့်တလူလူ ငါတို့လူသား

❍ သဘာဝဘေး၊ ရှောင်ပြေးမရ
ကြုံခဲ့ကြသော်၊ ဆုံခဲ့ရသော်
ဒုက္ခမျိုးစုံ၊ ပြောမကုန်..။

❍ အသက် ခန္ဓာ၊ ဥစ္စာ စည်းစိမ်
အိုးအိမ်များစွာ၊ အရာရာလျှင်
ဘာဆို ဘာမှ၊ တားမရအောင်
မြေခပျက်စီး၊ ရတက်မီး..။

❍ ဆုံးရှုံးသမျှ၊ သင်္ခါရမို့
တမ်းတ မတွေး၊ တို့ ရှေ့ရေးတွက်
အားမွေးကြစို့၊ နောင်ညီတို့..။

❍ အညွန့်တလူလူ
ငါတို့လူသား၊ စွမ်းပကားနဲ့
တားဆီးခက်ကြုံ၊ မည်သို့ဆုံလဲ
တုန်လှုပ်မှုကင်း၊ ရဲရင့်ခြင်းနဲ့
ဖြိုခွင်း အမှောင်၊ ဆောင်ယူ အလင်း
ကောင်းခြင်းဆင့်ထပ်၊ အနာဂတ်ကို
ပေါင်းစပ် ဖန်တီးကြပါစို့။
ဘဝသစ်ကို တည်ဆောက်စို့။ ။

မျိုးမြတ်မြတ်မြင့်မောင်

## လျှော်ဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဆက်လက်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၁၄**

ငလျင်ဘေးသင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ယနေ့ တတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့် ဒေသခံပြည်သူများ လာရောက်ဝယ်ယူလျက်ရှိသည်။

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်က မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အများပြည်သူတို့ ဈေးနှုန်းမှန်ကန်စွာနှင့် အရည်အသွေးပြည့်မီစွာ ဝယ်ယူနိုင်ရန်ရည်ရွယ်၍ ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မေ ၁၂ ရက်မှ ၁၈ ရက်အထိ ရောင်းချပေးလျက်ရှိသည်။




ယနေ့တွင် ဘိလပ်မြေထုတ်လုပ်သူများအသင်း အရောင်းပြခန်း၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း အရောင်းပြခန်း၊ မြန်မာနိုင်ငံသံနှင့်သံမဏိအသင်း အရောင်းပြခန်း၊ အိမ်ဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်း အမျိုးမျိုး အရောင်းပြခန်း၊ နိုင်ငံတကာမှ အရည်အသွေးမြင့် မီးဖိုချောင်သုံးပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အရောင်းပြခန်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးမားဆုံး ဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အရောင်းစင်တာ၊ သံထည်နှင့် စတီးများ အရောင်းပြခန်း၊ ပရိဘောဂ အရောင်းပြခန်း၊ အိမ်သုတ်ဆေး အရောင်းပြခန်း၊ လုပ်ငန်းသုံး မီးစက်သေးနှင့် မီးစက်ကြီးများ အရောင်းပြခန်း၊ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ အရောင်းပြခန်းများတွင် ပြည်သူအများ လာရောက်လေ့လာဝယ်ယူလျက်ရှိသည်ကို တွေ့မြင်ရသည်။

အဆိုပါ ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးခြင်း အစီအစဉ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း - ဂျိုင်းလော(MNA)**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် မေ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

ပုသိမ် မေ ၁၄

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ(၁)၌ ပြုလုပ်သည်။

**ပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ကျောင်းအပ်နှံရေး ကာလကို ရောက်ရှိလာပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံ တက်ရောက်နိုင်ရေးအတွက် လိုအပ်သည့်ကြိုတင် ပြင်ဆင်မှုများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် ပြည်သူများ၏ သားသမီးများအား နီးစပ်ရာမြို့၊ ရွာများတွင် ကျောင်းတက်ရောက်နိုင်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ကျောင်းနေအရွယ် ကလေးတိုင်း ရာနှုန်းပြည့်ကျောင်းတက်ရောက်စေရေးအတွက်လည်း တာဝန်ရှိသူအားလုံးက




ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ကျောင်းဖွင့်ချိန် အမီ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းဆောင် လိုအပ်ချက်များ မရှိစေရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်းနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှု အခွင့်အလမ်းများ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးပညာရေးမှူး၊ ခရိုင်ပညာရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများက ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မြေစိုက်ပိုစတာ စိုက်ထူမည့်လုပ်ငန်းများ၊ ကျောင်းအပ်နှံရေး သီတင်းပတ်နှင့် ကျောင်းဖွင့်လှစ်မည့်ရက်ကာလ အပိုင်းအခြား၊ စာသင်ဆောင်၊ စာသင်ခန်းများနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကျောင်းဆောင်မလုံလောက်ပါက ယာယီကျောင်းဆောင် ဆောက်လုပ်ဆောင်ရွက်သွားမည့်အခြေအနေများ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများနှင့် ကျောင်းဝတ်စုံများ မြို့နယ်များအလိုက် ဖြန့်ဝေပြီးစီးမှုအခြေအနေများ၊ ကျောင်းအရေအတွက်နှင့် လျာထားကျောင်းသားအင်အားစာရင်းတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

လှည်းကူး မေ ၁၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေ



ရန်၊ လူငယ်လူရွယ်များစာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့နံနက်ပိုင်းက လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာ အလင်းအိမ်စာကြည့်တိုက်နှင့် ရဲမွန်ကျေးရွာ အလင်းရောင်စာကြည့်တိုက်တို့၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က အသိပညာပေးဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကို ဟောပြောပြီး မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာဦးကျော်မင်းညွန့်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေနှင့် ဆန်ရိက္ခာများ ပေးအပ်ပြီး နိုင်ငံသားစိစစ်ရေးကတ်များ အသစ်ပြုလုပ်ပေး

ဝါးခယ်မ မေ ၁၄

ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုရန်ပုံငွေမှ ပေးအပ်သော ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရွှေခယ်သီရိအားကစားခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစွမ်းထက်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယာယီနေရပ်စွန့်ခွာပြည်သူ ၁၄၄ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် မတ်လနှင့် ဧပြီလအတွက် နှစ်လစာ ငွေကျပ် ၄၀၀၀၀ ကျပ်နှင့် ဆန်တစ်ပြည် ထောက်ပံ့ပေးသည်။

ထို့ပြင် ယာယီနေရပ်စွန့်ခွာပြည်သူ ၁၄၄ ဦးအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စာရင်းတွင်ရှိသော နိုင်ငံသားစိစစ်ရေး နံပါတ် မှန်/ မမှန် စစ်ဆေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ် ဆောင်ရွက်ပေးခြင်း၊ Unique Identification Number ပြုလုပ်ခြင်း မရှိသူများအား ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လွမ်းသီဟ (ဝါးခယ်မ)**

# အင်းစိန်မြို့နယ်၌ ရသစာပေထွန်းကားရေး စာဖတ်ဝိုင်းပြုလုပ်

ရန်ကုန် မေ ၁၄

ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)၊ မြို့နယ် စာပေဥယျာဉ်အသင်း အသင်းနှင့် မြို့နယ် စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ရသစာပေထွန်းကားရေး၊ စာဖတ်ဝိုင်းဆွေးနွေးပွဲကို မေ ၁၃ ရက် နံနက်ပိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် စာပေဥယျာဉ်အသင်း



နာယက ဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)၊ မိတ္ထီလာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်ထွန်း (တင်တော်)တို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် မြို့နယ်စာပေဥယျာဉ်အသင်းဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ (၂)၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က တိုင်းကျိုးပြည်ပြု မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ရသစာပေများ ထွန်းကားရေး စာဖတ်ဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အင်းစိန်မြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဆရာမ ဒေါ်ခင်နွဲ့မူ (ခင်နွဲ့မူ-အင်းစိန်)က စာရေးဆရာမကြီး ခင်ဆွေဦး ရေးသားထုတ်ဝေခဲ့သည့် "အင်ကြင်းရဂုံ" ရသစာပေ ဝတ္ထုစာအုပ်အကြောင်းကို ဆွေးနွေးဟောပြောပြီး တက်ရောက်လာကြသော မြို့နယ်စာရေးဆရာအသင်းနှင့် စာပေဥယျာဉ်အသင်းတို့မှ အဖွဲ့ဝင်များဖြစ်ကြသည့် စိန်ညိုမင်း (ထန်းတပင်)၊ မောင်ငြိမ်းချမ်း (နတ်မောက်)၊ သက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)၊ ဦးတင်ထွန်း (တင်တော်)နှင့် ရန်မိုးအောင် (အင်းစိန်)တို့က သိလိုသည်များကို မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ယင်းနောက် မြို့နယ် စာပေဥယျာဉ်အသင်း နာယက ဦးသက်တင် (မောင်သာတင့်-မြန်အောင်)က မုဒိတာစကားပြောကြားကာ အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့် - မှူခင်း)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဦးဆောင်ဆွေးနွေးသူ ခင်နွဲ့မူ (အင်းစိန်)ကို အသင်းဥက္ကဋ္ဌနှင့်အဖွဲ့က အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# မိုးညိုမြို့နယ်၌ အခြေခံရှေးဦးပြုစုခြင်း သင်တန်းဖွင့်လှစ်

မိုးညို မေ ၁၄

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ မြို့မရပ်ကွက်ရှိ အလက(ခွဲ) မြို့မကျောင်း၌ ယနေ့နံနက်ပိုင်းက အခြေခံရှေးဦးပြုစုခြင်းသင်တန်း အမှတ်စဉ်(၂ /၂၀၂၅)ဖွင့်ပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်းလွင်၊ မြို့နယ်ဆရာဝန်ကြီးဒေါက်တာကျော်မိုး၊ အလက(ခွဲ)မြို့မ ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်သိန်းနှင့် မြို့နယ်ကြက်ခြေနီအသင်းနာယက ဦးမြဝင်းတို့က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၁၄ ရက်မှ ၁၆ ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၃၃ ဦးအား အရိုးကျိုးခြင်းနှင့် ပတ်တီးစည်းခြင်း၊ အသက်ရှူမှုမြောခြင်းနှင့် အသက်ရှူအားကူနည်း၊ ဒဏ်ရာအမျိုးမျိုးနှင့်သွေးထွက်ဒဏ်ရာများ၊ သဘာဝဘေးအန္တရာယ်များနှင့် ကျန်းမာရေး အသိပညာပေးခြင်းများ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**



# လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စင်တာများ ဖွင့်လှစ်ပေး

မောင်လူအေး (ရေစကြို)

**ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်ရာ လူငယ်များကို ပြုစုပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို ဖန်တီးပုံဖော်နေခြင်းပင်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် လူငယ်များ ပညာရည်မြင့်မားရေး၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ အတွေးအခေါ်မှန်ကန်စေရေး၊ စိတ်ဓာတ် စည်းကမ်း ကောင်းမွန်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး အပါအဝင် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များချမှတ်ကာ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။**

ကုလသမဂ္ဂအဖွဲ့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ လူငယ်ဆိုသည်မှာ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိသူဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒအရ လူငယ်ဆိုသည်မှာ အသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ မြန်မာနိုင်ငံသားများ ဖြစ်ကြပါသည်။

အနာဂတ်အလားအလာကောင်းများနှင့် ပြည့်ဝနေသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စွမ်းရည်၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ဦးဆောင်မှုအရည်အသွေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည်တို့တွင် သာတူညီမျှ ဘက်စုံဖွံ့ဖြိုးတိုးတက်သော လူငယ်များအဖြစ် ပျိုးထောင်ပေးကာ နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာစေရေး ရည်မှန်းထားရှိခြင်းဖြစ်သည်။

ယင်းလူငယ်များ စနစ်တကျ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ဆိုင်ရာ အဓိကကဏ္ဍ ၁၆ ရပ် ဖော်ထုတ်ထားရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်စင်တာများ တည်ထောင်ဖွင့်လှစ်ကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်သည်။

### လူငယ်စင်တာလုပ်ငန်းလမ်းညွှန်နှင့် လူငယ်စင်တာစံလုပ်ထုံးလုပ်နည်းများ ရေးဆွဲဆောင်ရွက်

လူငယ်စင်တာဆိုသည်မှာ အနုပညာ၊ အားကစားလှုပ်ရှားမှုများ အပါအဝင် လူငယ်ရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ပြီး အချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံသင်ယူနိုင်မည့်နေရာကို ဆိုလိုခြင်းဖြစ်ကြောင်း လူငယ်ရေးရာမူဝါဒ(၂၀၁၇)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ သို့သော် လူငယ်စင်တာ၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ တည်နေရာ၊ အကျယ်အဝန်း၊ အတိုင်းအတာ၊ ဝန်ထမ်းအင်အားနှင့် ဝန်ဆောင်မှုများ၊ အထောက်အကူပြုပစ္စည်းများ ပံ့ပိုးထားရှိမှု၊ ဘတ်ဂျက်သုံးစွဲမှုတို့နှင့် ပတ်သက်၍ တိတိကျကျ ဖော်ပြပါရှိခြင်းမရှိသည့်အတွက် လူငယ်စင်တာလုပ်ငန်းလမ်းညွှန် (Terms of Reference–TOR)နှင့် လူငယ်စင်တာစံလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures–SOP) ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာတွင် လူငယ်စင်တာ(Youth Center)ကို လူငယ်များ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးနိုင်ရန်နှင့် အားကစား၊ ဂီတ၊ အနုပညာ၊ ဘာသာရေးအပါအဝင် အသင်းအဖွဲ့အလိုက် လှုပ်ရှားမှုများဆောင်ရွက်ခြင်း၊ ဟောပြောဆွေးနွေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ လေ့လာရေးခရီးစဉ်များနှင့် ရပ်ရွာအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ထားရှိခြင်းဖြစ်ပြီး လူငယ်ကလပ်(Youth Club)ဟုလည်း ခေါ်ဝေါ်သုံးစွဲကြောင်း လေ့လာတွေ့ရှိရပါသည်။

မတ်လ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"မြန်မာနိုင်ငံလူဦးရေသည် ၅၁ သန်းခန့်ရှိပြီး လူဦးရေ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြနေသူများဖြစ်ကာ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ကြောင်း၊ စာတတ်မြောက်ခြင်းနှင့် ပညာတတ်မြောက်ခြင်းရာခိုင်နှုန်းကို ခွဲကြည့်မည်ဆိုပါက စာတတ်မြောက်မှုသည် ၉၀ ရာခိုင်နှုန်းနီးပါးခန့်ရှိပြီး အတတ်ပညာ၊ အတန်းပညာတတ်မြောက်မှုသည် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းထက် နည်းပါးသည်ကို တွေ့ရကြောင်း၊ ပညာရေးအရ



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ မတ် ၂၄ ရက်က လူငယ်စင်တာဖွင့်လှစ်စဉ်။

အတတ်ပညာအရအားနည်းသူများဖြင့် နိုင်ငံတော်ကိုတည်ဆောက်မည်ဆိုပါက စိန်ခေါ်မှုများစွာကို ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေးတည်ငြိမ်မှုအပေါ်တွင် သက်ရောက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အတန်းပညာအားနည်းခဲ့သူများကို ပစ်ထား၍ရမည်မဟုတ်ဘဲ ကျောင်းပြင်ပပညာရေးနှင့် ဗဟုသုတရှာမှီးရေးအတွက် စာကြည့်တိုက်များ ဒေသအလိုက်ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကို အားပေးခြင်း၊ စာဖတ်ဝိုင်းများ စီစဉ်ပေးခြင်းစသည့် ကျောင်းပြင်ပပညာရေးဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း"** လမ်းညွှန်မှုပြုခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်သွားမည့် လူငယ်စင်တာများအားလုံးတွင် လူငယ်များလက်လှမ်းမီ ဖတ်ရှုနိုင်မည့် သုတ၊ ရသစာအုပ်များ စုံလင်စွာပါရှိသည့် စာကြည့်တိုက်များ၊ E-library များ ဖွင့်လှစ်ထားရှိကာ လူငယ်စာဖတ်ဝိုင်းများ၊ လူငယ်စကားဝိုင်းများ၊ Talk Show များ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ ဆွေးနွေးပွဲများနှင့် ဟောပြောပွဲများအား စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ပေးရမည်ဖြစ်ပါသည်။ အတန်းပညာနှင့် အတတ်ပညာ အားနည်းသောလူငယ်များအတွက် ကျောင်းပြင်ပပညာရေး(Non-formal Education)နှင့် Informal Education တို့ကို ရပ်ရွာအခြေပြု သင်ကြားခြင်းသာမက လူငယ်စင်တာများ အခြေပြုလေ့ကျင့်သင်ကြားပေးနိုင်ရေး စီစဉ်ထားရှိခြင်းအားဖြင့် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

### ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖွင့်လှစ်

လူငယ်များ မိမိတို့နေထိုင်ရာ ရပ်ရွာပတ်ဝန်းကျင်အကြောင်း လေ့လာသိရှိနိုင်စေရန်၊ လေ့လာရေးခရီးစဉ်များတွင် ပါဝင်နိုင်ရန်၊ အနာဂတ်ရည်မှန်းချက်ပန်းတိုင်နှင့်စပ်လျဉ်း၍ အကြံဉာဏ်ကောင်းများရရှိနိုင်စေရန်၊ တစ်ကိုယ်ရေကျန်းမာရေး၊ စိတ်ကျန်းမာရေးနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာ ဗဟုသုတများရရှိစေရန်၊ နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် အသိပညာပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများရရှိစေရန်၊ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာများ

> **နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ နိုင်ငံတော်ကအားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရေးအတွက် လူငယ်စင်တာများတွင် ၂၁ ရာစုကျွမ်းကျင်မှုအတတ်ပညာများ (21st Century Skills)၊ စီမံခန့်ခွဲမှုအတတ်ပညာ (Management Skills/Soft Skills)၊ ဒစ်ဂျစ်တယ်/ငွေကြေးဆိုင်ရာကျွမ်းကျင်တတ်မြောက်မှု (Digital/Financial Literacy)၊ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော ကျွမ်းကျင်မှုသင်တန်း (Skills Training)များ ဖွင့်လှစ်သင်ကြားပေးနိုင်မည့် သင်ကြားသင်ယူမှုဗဟိုဌာန (Learning Hub)များ စီစဉ်ထားရှိပေးရမည်**

ရရှိစေရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် နိုင်ငံ့သားကောင်းလူငယ်များ ပြုစုပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် လူငယ်စင်တာများအား ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

အချို့သော လူငယ်စင်တာများမှာမူ လမ်းပေါ်နေလူငယ်များ၊ အခက်အခဲကြုံတွေ့နေရသည့် လူငယ်များအတွက် ၎င်းတို့ဝါသနာပါရာ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြစ်သည်။

### ဝန်ဆောင်မှုများ ကွဲပြားခြားနား

လူငယ်စင်တာဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အပေါ်မူတည်၍ လူငယ်စင်တာများအကြား ပံ့ပိုးဆောင်ရွက်ပေးသည့်အစီအစဉ်များနှင့်ဝန်ဆောင်မှုများ ကွဲပြားခြားနားမှုရှိနိုင်ပါသည်။ ယေဘုယျအားဖြင့် လူငယ်စင်တာများသည် လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် အားကစားနှင့် အပန်းဖြေခြင်း၊ ပြည်သူ့နီတိနှင့် နိုင်ငံ့သားကောင်းဖြစ်မှု၊ ပေါင်းသင်းဆက်ဆံရေး၊ ဘာသာရေး၊ အနုပညာနှင့် ယဉ်ကျေးမှု၊ ဆန်းသစ်တီထွင်မှု၊ စွန့်ဦးတီထွင်မှု၊ ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု၊ ဘဝတစ်သက်တာကျွမ်းကျင်မှုများစသည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ တတ်မြောက်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်သည်။ ရပ်ရွာအကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်လိုသည့် အမိနိုင်ငံတော်၏ အနာဂတ်ပုံရိပ်ကို မြှင့်တင်ပေးနိုင်မည့် စွမ်းဆောင်ရည်ပြည့်ဝသော လူငယ်များကို မွေးထုတ်ပေးသည့်နေရာတစ်ခုဖြစ်ပါသည်။

ပြီးပြည့်စုံသော လူငယ်စင်တာတစ်ခုတွင် လူငယ်များအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံသင်ယူနိုင်ပြီး အယူအဆ၊ အတွေးအမြင်၊ အကြံဉာဏ်နှင့် စိတ်ကူးများ မွေးထုတ်ပေးကာ ယင်းစိတ်ကူး၊ အကြံဉာဏ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် အရင်းအမြစ်များ ပံ့ပိုးပေးနိုင်အောင် စီစဉ်ဖန်တီးပေးရမည်ဖြစ်သည်။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ နိုင်ငံတော်ကအားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရေးအတွက် လူငယ်စင်တာများတွင် ၂၁ ရာစုကျွမ်းကျင်မှုအတတ်ပညာများ (21st Century Skills)၊ စီမံခန့်ခွဲမှုအတတ်ပညာ (Management Skills/ Soft Skills)၊ ဒစ်ဂျစ်တယ်/ ငွေကြေးဆိုင်ရာကျွမ်းကျင်တတ်မြောက်မှု (Digital/ Financial Literacy)၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော ကျွမ်းကျင်မှုသင်တန်း (Skills Training)များ ဖွင့်လှစ်သင်ကြားပေးနိုင်မည့် သင်ကြားသင်ယူမှုဗဟိုဌာန(Learning Hub)များ စီစဉ်ထားရှိပေးရမည်ဖြစ်သည်။ လူငယ်များ၏ အနာဂတ်ဘဝ အောင်မြင်တိုးတက်စေရန်အတွက် လိုအပ်သည့် ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် လူ့အဖွဲ့အစည်းကို အကျိုးပြုသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေမည်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေးအတွက် မွေးမြူရေးတောင်သူများအား တွေ့ဆုံဆွေးနွေး

မုံရွာ မေ ၁၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေးအတွက် မွေးမြူရေးတောင်သူများအား တွေ့ဆုံဆွေးနွေးခြင်းနှင့် ရာသီအလိုက်ဖြစ်ပွားတတ်သည့် ရောဂါများအကြောင်း ပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိရစ္ဆာန်များ တိုးချဲ့မွေးမြူနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ်သိန်းပေါင်း ၄၂၉၈ သိန်းကျော်ကို အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများထုတ်ချေးထားပြီးဖြစ်ကြောင်း၊ တိရစ္ဆာန်များမွေးမြူသည့်နေရာတွင် မွေးမြူရေးစနစ်မှန်ကန်စေရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများသည် အရေးကြီးကြောင်းနှင့် မွေးဖွားမှုများပြီး သေဆုံးမှုနည်းမှသာ တိရစ္ဆာန်များ တိုးတက်ပြီး အသားထုတ်လုပ်မှုမြင့်တက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အာဖရိကဝက်အပြင်းဖျားရောဂါ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ငါးမွေးမြူရေးနှင့် ငါးသားဖောက်ခြင်းလုပ်ငန်း၊ တိုင်းဒေသကြီးပျားမွေးမြူရေးလုပ်ငန်းတာဝန်ခံက ပျားမွေးမြူရေးလုပ်ငန်း၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ခွာနာလျှာနာရောဂါတို့နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မွေးမြူရေးတောင်သူများက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက တိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေးအတွက် ဌာနဆိုင်ရာများနှင့် မွေးမြူရေးတောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါရုံးဝင်းအတွင်း ကြက်မဲ၊ တိုင်းရင်းကြက်များ မွေးမြူထားရှိမှုနှင့် နေပီယာမြက်စိုက်ပျိုးထားရှိမှုများကို လိုက်လံကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ်၌ ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်များ ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး




ရွှေပြည်သာ မေ ၁၄

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်များအား ဈေးမြှင့်တင်ရောင်းချမှုမရှိစေရေးနှင့် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ထားမှုများ မရှိစေရေး၊ ရောင်းချမှုမရှိဘဲ ကြာရှည်စွာ သိုလှောင်ထားရှိမှုများ မရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေးရေး အဖွဲ့များဖြင့် ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သည်။

**စစ်ဆေး**

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် အမှတ်(၂၀)ရပ်ကွက် ဟသ်ာလမ်းနှင့် အမှတ်(၂၀)ရပ်ကွက် စက်မှုလမ်းပေါ်ရှိ အိမ်ဆောက်ပစ္စည်းဆိုင်တို့အား စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

"မိုးရာသီကာလမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ပါ"

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအသောက်များကို စားသောက်မိခြင်းမှတစ်ဆင့်ကူးစက်ဖြစ်ပွား၍ အသက်အန္တရာယ်ထိခိုက်နိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအသွင်ဖြင့်လည်း ဖြစ်ပွားတတ်ပါသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက-

- အရည်ဝမ်းများသွားခြင်း
- အော့အန်ခြင်း
- အားအင်ကုန်ခမ်းခြင်း
- ကြွက်တက်ခြင်း
- သတိလစ်ခြင်း စသည်တို့ဖြစ်ပွားနိုင်ပြီး အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။

**ပြည်သူများအနေဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရန် အောက်ပါအချက်အလက်များကို တိကျစွာလိုက်နာကျင့်သုံးကြရမည် ဖြစ်ပါသည်-**

၁။ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးပါ၊ အစားအစာများကို ပူပူနွေးနွေးစားပါ၊
၂။ အစားအစာများကို ယင်မနားအောင် လုံခြုံစွာဖုံးအုပ်ပါ၊
၃။ အစားအစာများမကိုင်မီ၊ အစားအစာများကိုမပြင်ဆင်မီ၊ အစာမစားမီ၊ အိမ်သာအသုံးပြုပြီးချိန်တိုင်း နှင့် အညစ်အကြေးများကိုင်တွယ်ပြီးချိန်တိုင်း ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် စနစ်တကျဆေးကြောပါ၊
၄။ ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်စင်ဆေးပြားခတ်ထားသောရေ သို့မဟုတ် FDA အသိ အမှတ်ပြုသောက်ရေသန့်ကိုသာသောက်သုံးပါ၊
၅။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုပါ၊
၆။ ယင်လုံအိမ်သာကို ရာနှုန်းပြည့်ဆောက်လုပ်သုံးစွဲပါ သို့မဟုတ် အိမ်သာများကို ယင်လုံစေရန် ဆောင်ရွက်ပါ၊
၇။ ယင်ကောင်များပေါက်ပွားမှုမှကာကွယ်ရန် စားကြွင်းစားကျန်များ၊ အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှောပြင်းထန်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သွားရောက်ပြသပါ။
ဓါတ်ဆားရည်သောက်ပါ။

၂၀၂၅ခုနှစ်၊ မေလ



ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

"မိုးရာသီကာလအတွင်း အဖြစ်များသည့် ရာသီတုပ်ကွေးရောဂါ မိမိကစ၍ကာကွယ်ပါ"

ရာသီတုပ်ကွေးရောဂါသည် တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားပြီး အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် ကူးစက်နိုင်ပါသည်။

ရာသီတုပ်ကွေးရောဂါ၏လက္ခဏာများမှာ-

ဖျားခြင်း၊ နှာချေခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အစားအသောက်ပျက်ခြင်း တို့ဖြစ်ပါသည်။

ကာကွယ်နိုင်မည့်နည်းလမ်းများ-

- နှာချေတိုင်း၊ ချောင်းဆိုးတိုင်းပါးစပ်နှင့် နှာခေါင်းကိုလုံအောင်အုပ်ပါ၊
- နှာချေ၊ ချောင်းဆိုးပြီးချိန်နှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ကိုင်တွယ်ပြီးချိန်တိုင်း လက်ကို ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောပါ သို့မဟုတ် အယ်ကိုဟောလ်အနည်းဆုံး (၆၀%) ပါဝင်သော လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ၊
- အိမ်အပြင်ထွက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို စနစ်တကျဆေးခြင်း၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေထိုင်ခြင်း၊ လူစုလူဝေးရှောင်ကြဉ်ခြင်း၊ အလုံပိတ်အခန်းများ/ လေဝင်လေထွက် မကောင်းသည့်အခန်းများတွင် နေထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်းစသည့်နည်းလမ်းများဖြင့်လည်း ရာသီတုပ်ကွေးရောဂါကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်၊
- လုံလောက်စွာအနားယူပြီးအာဟာရပြည့်ဝသည့်အစားအစာများစားသုံးပါ၊ အိပ်ရေးဝအောင်အိပ်ပါ၊
- ရာသီတုပ်ကွေးရောဂါကို ပြင်းထန်စွာခံစားရနိုင်သည့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များ၊ နာတာရှည်ရောဂါအခံရှိသူများနှင့် ရောဂါကူးစက်မှုခံရနိုင်ခြေ များပြားသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရာသီတုပ်ကွေးရောဂါကာကွယ်ဆေး ထိုးနှံမှုကိုနှစ်စဉ်ခံယူပါ။

ရာသီတုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါက နီးစပ်ရာဆေးရုံ၊ဆေးခန်းများနှင့် ကျန်းမာရေးဌာနများတွင် စောစီးစွာကုသမှုခံယူပါ။

၂၀၂၅ ခုနှစ်၊ မေလ

# ရုရှားနှင့် ယူကရိန်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ မေ ၁၅ ရက်တွင် ပြုလုပ်မည်







**ဝါရှင်တန် မေ ၁၄**

ရုရှားနှင့် ယူကရိန်း ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်မည့် ရုရှားကိုယ်စားလှယ်အဖွဲ့ကို ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလတ်ဗရော့ဗ်နှင့် သမ္မတပူတင်၏ လက်ထောက်တစ်ဦးတို့ ဦးဆောင်မည်ဖြစ်ကြောင်း အမေရိကန်မီဒီယာတစ်ခုက ယနေ့သတင်းဖော်ပြသည်။

ရုရှားနှင့် ယူကရိန်းတို့အကြား တိုက်ရိုက်ဆွေးနွေးပွဲကို မေ ၁၅ ရက်တွင် တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ပြုလုပ်ရန် သမ္မတ ပူတင်က အဆိုပြုခဲ့သည်။

ယူကရိန်းသမ္မတ ဇီလန်စကီးက နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲအဖြစ် ကျင်းပရန် တောင်းဆိုခဲ့သည်။

သမ္မတ ပူတင်သည် ရုရှားနိုင်ငံရှိ အရာအားလုံးကို ဆုံးဖြတ်ပေးသူဖြစ်သည့်အတွက် စေ့စပ်ညှိနှိုင်းမှုများကိုလည်း ၎င်းနှင့်အတူ ဆွေးနွေးရန် ဆန္ဒရှိကြောင်း ဇီလန်စကီးက မေ ၁၃ ရက် ဗီဒီယိုမက်ဆေ့ချ်တစ်ခုတွင် ပြောကြားသည်။

မော်စကိုအနေဖြင့် အစ္စတန်ဘူလ်သို့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်မည်ဟု မေ ၁၃ ရက်တွင် ကရင်မလင်က ပြောကြားခဲ့သော်လည်း ၎င်းတွင် မည်သူပါဝင်မည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ရုရှားကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလတ်ဗရော့ဗ်နှင့် သမ္မတ ပူတင်၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာလက်ထောက် ယူရီယူရှာကော့ဗ်တို့ ပါဝင်မည်ဖြစ်ကြောင်း ရုရှားအစိုးရအရာရှိတစ်ဦး၏ပြောကြားချက်ကို ကိုးကားပြီး ဝါရှင်တန်ပို့စ်သတင်းစာက သတင်းဖော်ပြသည်။

သမ္မတ ပူတင်နှင့် ဇီလန်စကီးတို့အကြား တိုက်ရိုက်ဆွေးနွေးရန် မဖြစ်နိုင်သေးကြောင်းလည်း အဆိုပါသတင်းစာက ထပ်လောင်းပြောကြားသည်။

ယူကရိန်း နိုင်ငံခြားရေးဝန်ကြီး အန်ဒရီဆာဘီဟာသည် တူကီယဲနိုင်ငံ တောင်ပိုင်း အန်တယ်လာမြို့သို့ သွားရောက်ကာ မိတ်ဖက်နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ယနေ့ကြေညာသည်။ သို့သော် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပမည့် အစ္စတန်ဘူလ်မြို့သို့ သွားရောက်မည်လားဆိုသည်ကိုမူ ထည့်သွင်းပြောကြားခြင်းမရှိပေ။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အရေးယူပိတ်ဆို့မှုများထပ်မံချမှတ်ခြင်းသည် နျူကလီးယားအရေးဆွေးနွေးမှုကို ဆန့်ကျင်ရာရောက်ကြောင်း အီရန်ပြောကြား




**တီဟီရန် မေ ၁၄**

အီရန်အပေါ် အမေရိကန်က အရေးယူပိတ်ဆို့မှုများထပ်မံချမှတ်ခြင်းသည် နျူကလီးယားအရေးဆွေးနွေးမှုကို ဆန့်ကျင်ရာရောက်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ အစ္စမေး ဗဂါအီက မေ ၁၄ ရက်တွင် ပြောကြားသည်။

အီရန်နှင့် အမေရိကန်တို့သည် အိုမန်နိုင်ငံ၏ ကြားဝင်စေ့စပ်ညှိနှိုင်းမှုဖြင့် နျူကလီးယားအရေး ဆွေးနွေးနေစဉ်အတွင်း အမေရိကန်တာဝန်ရှိသူများသည် ၎င်းတို့၏တစ်ဖက်သတ်လိုလားချက်များ တောင်းဆိုနေသည်ကို တွေ့ရှိရကြောင်း ၎င်းက ပြောကြားသည်။ အီရန်တာဝန်ရှိသူများအနေဖြင့်ဆွေးနွေးပွဲမှ အပြုသဘောဆောင်သည့်ရလဒ်များကိုသာ ရရှိရန် မျှော်မှန်းဆွေးနွေးခဲ့ခြင်းဖြစ်ကာ အကျိုးမဲ့ အချိန်ဖြုန်းသည့်လုပ်ရပ်ကို ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဟု ၎င်းကပြောကြားသည်။

အီရန်အနေဖြင့် မိမိနိုင်ငံအတွက် အကျိုးရှိမည့် နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေး ဆောင်ရွက်ချက်များကို ထပ်မံဆောင်ရွက်မည်ဖြစ်ပြီး အမေရိကန်၏ပိတ်ဆို့မှုများဖယ်ရှားရေးအတွက်လည်း ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ အီရန်နိုင်ငံသား သုံးဦးနှင့် အီရန်နိုင်ငံမှ အဖွဲ့အစည်းတစ်ခုအား အရေးယူပိတ်ဆို့မှုချမှတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။ အီရန်နှင့် အမေရိကန်တို့သည် လေးကြိမ်မြောက် နျူကလီးယားအရေးဆွေးနွေးပွဲကို အိုမန်နိုင်ငံ မူစကက်မြို့တွင် မေ ၁၁ ရက်က ကျင်းပခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံအပြန်အလှန်စည်းကြပ်ခွန်များလျှော့ချရန် သဘောတူညီချက်ကို ကြိုဆိုကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အကြီးအကဲပြောကြား

**ဂျီနီဗာ မေ ၁၄**

အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံအကြား ၎င်းတို့၏ အပြန်အလှန်စည်းကြပ်ခွန်များလျှော့ချရန် သဘောတူညီချက်ကို ကြိုဆိုကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှုအပေါ် အမေရိကန်၏ အခွန်မူဝါဒ၏သက်ရောက်မှုအပေါ် စိုးရိမ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အကြီးအကဲက ယနေ့ပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏အကြီးအကဲ နီဂိုဇီအိုကိုဂျိုအီဝီရာလာက အင်န်အိတ်ချ်ကေသတင်းဌာနနှင့် အင်တာဗျူးတစ်ရပ်တွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံ၌ နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးပွဲအပြီးတွင်




အမေရိကန်နှင့် တရုတ်တို့သည် မေ ၁၉ ရက်မှစ၍ အပြန်အလှန်အခွန်ကောက်ခံမှုနှုန်းထားများကို လျှော့ချရန် သဘောတူညီခဲ့ကြောင်း သိရသည်။ အမေရိကန်နှင့် တရုတ်တို့အကြား ကုန်သွယ်မှုကို ဖြတ်တောက်မည်ဆိုပါက ကမ္ဘာ့ကုန်သွယ်ရေးစနစ် ဆိုးရွားစွာထိခိုက်ပျက်စီးစေနိုင်ပြီး ကမ္ဘာ့စီးပွားရေးတိုးတက်မှုအတွက် ဆိုးရွားသောအကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကမ္ဘာ့ကုန်သွယ်ရေးစနစ်ပျက်စီးသွားပါက ကမ္ဘာ့အသားတင်ကုန်ထုတ်လုပ်မှုန်တန်ဖိုး(ဂျီဒီပီ) ၏ ခုနစ်ရာခိုင်နှုန်းအထိ ရေရှည်တွင် ဆုံးရှုံးသွားနိုင်ကြောင်း ၎င်းက ပြောကြားသည်။ ကမ္ဘာ့နိုင်ငံများသည်လည်း မည်သည့်နိုင်ငံကိုမျှ တစ်ဖက်သတ်ရွေးချယ်ကာ ကုန်သွယ်မှုပြုလုပ်ရန်ဆန္ဒမရှိကြောင်းနှင့် နှစ်နိုင်ငံစလုံးဖြင့်သာ ဆက်ဆံရေးကောင်းမွန်စေပြီး ကုန်သွယ်မှုပြုလုပ်ရန် လိုလားကြောင်း ၎င်းက ဆိုသည်။

နိုင်ငံတကာအပြန်အလှန်ကုန်သွယ်မှုဆောင်ရွက်ခြင်းသည် နိုင်ငံများစွာကို သာယာဝပြောရေးသို့ ပို့ဆောင်ပေးကာ လွန်ခဲ့သည့်ဆယ်စုနှစ်သုံးခုအတွင်း လူဦးရေ ၁ ဒသမ ၅ ဘီလီယံကို အလွန်အမင်းဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်စေခဲ့ကြောင်း လွတ်လပ်သောကုန်သွယ်မှု၏ အရေးပါမှုအပေါ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အကြီးအကဲ နီဂိုဇီအိုကိုဂျိုအီဝီရာလာက အလေးပေးပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်

# အစ္စရေးနိုင်ငံ တဲအဗစ်မြို့ရှိ ဗန်ဂူရီယွန်လေဆိပ်အား ဟူသီအဖွဲ့က ဒုံးကျည်ဖြင့် တိုက်ခိုက်

**ဆာနာ မေ ၁၄**

အစ္စရေးနိုင်ငံ တဲအဗစ်မြို့ရှိ ဗန်ဂူရီယွန်လေဆိပ်အား ဒုံးကျည်ဖြင့် ထပ်မံတိုက်ခိုက်ခဲ့ကြောင်း ဟူသီအဖွဲ့က မေ ၁၄ ရက်တွင် ပြောကြားသည်။ ယမန်နေ့နှောင်းပိုင်းကလည်း ၎င်းလေဆိပ်အား ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့သည်ဟု ဟူသီအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ယာယာဆာယီယာက ပြောကြားသည်။

တဲအဗစ်မြို့ရှိ ဗန်ဂူရီယွန်လေဆိပ်အား မေ ၁၄ ရက်တွင် ဒုံးကျည်ဖြင့် ပစ်ခတ်မှုအား မေ ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၄၁ မိနစ်တွင် ကြားဖြတ်ပစ်ချခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။ ၎င်းဒုံးကျည်ဖြင့် တိုက်ခိုက်မှုမဖြစ်ပွားမီအချိန်တွင် အခင်းဖြစ်ဒေသရှိ ဒေသခံများအား ကြိုတင်ရှောင်ရှားရန် စမတ်ဖုန်းများမှတစ်ဆင့် အသိပေးခဲ့ကြောင်း သိရသည်။ ယမန်နေ့တွင် ဟူသီအဖွဲ့က ပစ်ခတ်ခဲ့သည့် ဒုံးကျည်ကိုလည်း ပစ်ချနိုင်ခဲ့သည်ဟု အစ္စရေးတပ်မတော်က ပြောကြားသည်။ ဂါဇာဒေသတွင် အစ္စရေးကဆောင်ရွက်နေသည့် တိုက်ခိုက်မှုများကို ရပ်တန့်ရန်အတွက် ယခုတိုက်ခိုက်မှုဖြင့် ဖိအားပေးခြင်းဖြစ်ကာ ထပ်မံ၍လည်း တိုက်ခိုက်မည်ဟု ဟူသီအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ယာယာဆာယီယာကပြောကြားသည်။

ဂါဇာဒေသတွင် အစ္စရေးက တိုက်ခိုက်မှုများ ပြန်လည်ဆောင်ရွက်သည့် မတ် ၁၈ရက်မှ စတင်၍ ဟူသီအဖွဲ့ကလည်း အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# ကုလလုံခြုံရေးကောင်စီအစည်းအဝေး၌ ဂါဇာကမ်းမြောင်သို့ အကူအညီများပိတ်ဆို့ခြင်းကို ရပ်တန့်ရန် တောင်းဆို

**ကုလသမဂ္ဂ မေ ၁၄**

ယမန်နေ့က ကျင်းပသည့် ကုလလုံခြုံရေးကောင်စီအစည်းအဝေးတွင် အစ္စရေးနှင့်အမေရိကန်တို့က အရပ်သားများအား အကူအညီပေးရန် နည်းလမ်းသစ်တစ်ရပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့ရာ အခြားအဖွဲ့ဝင်နိုင်ငံများက ဂါဇာကမ်းမြောင်ဒေသသို့ အကူအညီများပိတ်ဆို့ခြင်းကို ရပ်တန့်ရန် တောင်းဆိုခဲ့ကြောင်း သိရသည်။ စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အခြားလိုအပ်သည်များကို ဂါဇာသို့ ရက်သတ္တ ၁၀ ပတ်ကျော်ကြာ ပို့ဆောင်ခြင်းမရှိကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး အကြီးအကဲ တွမ် ဖလက်ချာက ပြောကြားသည်။

ဂါဇာတွင် နေထိုင်သူတိုင်းသည် ယခုအခါ အငတ်ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ၎င်းက ဆက်လက်ပြောသည်။ စားနပ်ရိက္ခာများတင်ဆောင်သည့် ထရပ်ကားများကို နယ်စပ်ဂိတ်များတွင် ဝင်ရောက်ခွင့်မပြုသည့်အတွက် တင်ဆောင်လာသည့် စားနပ်ရိက္ခာများသည် ပုပ်သိုးလျက်ရှိပြီး အခြားသောအသုံးအဆောင်များသည်လည်း ရက်ကြာသည့်အတွက် သုံးစွဲနိုင်သည့် သက်တမ်းများ ကုန်လွန်နေပြီဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီး ဘာဘရာဝုဒ်ဝဒ်က ပြောကြားသည်။ ဂါဇာဒေသရှိပြည်သူများသည် စားနပ်ရိက္ခာအလုံအလောက်မရှိသည့်အတွက် ငတ်ပြတ်လျက်ရှိနေချိန်တွင် ယင်းသို့ စားနပ်ရိက္ခာများ ပုပ်သိုးသွားရခြင်းမှာ လုံးဝခွင့်လွှတ်နိုင်စရာမရှိကြောင်း ဘာဘရာဝုဒ်ဝဒ်က ပြောကြားသည်။

ကုလသမဂ္ဂတံဆိပ်တပ်ထားသောအကူအညီများသည် ဟားမတ်စ်အဖွဲ့ကို ထောက်ပံ့ရန်အတွက်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ် ဒန်နီဒန်နွန်က ပြောပြီး စားနပ်ရိက္ခာဖြန့်ဖြူးရေး နည်းလမ်းအသစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ဟားမတ်စ်တပ်ဖွဲ့ဝင်မဟုတ်သည့် အရပ်သားများကို အကူအညီ



ပေး ရန်ပုဂ္ဂလိကဖောင်ဒေးရှင်းအသစ်တစ်ခုကို အမေရိကန်အစိုးရနှင့် အစ္စရေးတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါအစီအစဉ်အထမြောက်စေရန် ပူးပေါင်းကူညီကြရန်လိုအပ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ယာယီအမေရိကန်သံအမတ်ကြီး ဒိုရိုသီရှီရာက ပြောကြားသည်။ ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ကချင်ပြည်နယ်ဝန်ကြီးချုပ် တက္ကသိုလ်ဝင်တန်း စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စခန်းသွင်းလေ့ကျင့်သင်ကြားနေမှု ကြည့်ရှုအားပေး



ပူတာအို မေ ၁၄

ကချင်ပြည်နယ်အတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပပြုလုပ်နိုင်ရေးအတွက် Grade-12 ကျောင်းသား ကျောင်းသူ ၆၃၄ ဦးတို့အား ပူတာအိုမြို့၌ စခန်းသွင်း၍ ဘာသာရပ်အလိုက် မြစ်ကြီးနားတက္ကသိုလ်မှ ပါမောက္ခများနှင့် ဆရာ ဆရာမများက Face To Face ပြန်လည်သင်ကြားပို့ချပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများသည် မေ ၁၃ ရက်တွင် သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဖုန်ကန်ရာဇီခန်းမသို့ သွားရောက်တွေ့ဆုံအားပေးကြသည်။

ထိုသို့တွေ့ဆုံအားပေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲကို ယခုလို ဒုတိယအကြိမ် ပြန်လည်ဖြေဆိုရခြင်းသည် ပထမအကြိမ်တွင် ပြင်ဆင်ခွင့်မရခဲ့သည့် ရမှတ်များနှင့် အားနည်းခဲ့မှုများအတွက် အခွင့်အရေးတစ်ရပ်အဖြစ် ပိုင်ပိုင်နိုင်နိုင်အသုံးချရန် လိုအပ်ကြောင်း၊ ဒုတိယအကြိမ်အခွင့်အရေးရရှိလာမှုအပေါ် မိမိတို့ကိုယ်တိုင်က အကောင်းဆုံးပြင်ဆင်ပြီး ကြိုးစားကြရန် လိုအပ်ကြောင်း အားပေးပြောကြားသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း (ပူတာအို)သို့ သွားရောက်ပြီး ကျောင်းစာသင်ခန်းများ၌ သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ချက်ပြုတ်ကျွေးမွေးဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များ၊ သင်ကြားရေးဆရာ ဆရာမများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် Grade-12 သင် ဆရာ ဆရာမများအား မြစ်ကြီးနားတက္ကသိုလ်ပါမောက္ခဌာနမှူးများက Online Learning (virtual meeting) ဖြင့် revision ပြန်လည်ဆွေးနွေးပို့ချပေးနေမှု အစီအစဉ်များကို လည်းကောင်း၊ လေယာဉ်ကွင်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(လေယာဉ်ကွင်း)၌ စခန်းသွင်းလေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ယင်းနောက် ပူတာအိုမြို့ ဒုတ္တာန်ရပ်ကွက်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ပံ့ပိုးမှုဖြင့် ဆီစက်ပြုပြင်မွမ်းမံ၍ ဒေသထွက် ဆီထွက်သီးနှံများအား ကြိတ်ခွဲဆောင်ရွက်ပေးလျက်ရှိသည့် ပိုင်ရှင် ဦးခေါင်ခင် မိသားစုပိုင် ဆီစက်ကြိတ်ခွဲလည်ပတ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပူတာအိုခရိုင်ပြည်သူ့အားကစားကွင်း၌ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အားကစားဆပ်ကော်မတီအသီးသီးတို့ ပူးပေါင်းကျင်းပသော နွေရာသီအားကစားသင်တန်းများ သရုပ်ပြခြင်းအစီအစဉ်နှင့် မြို့နယ်ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း ဖလားလူငယ်အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြရာ နွေရာသီအားကစားသင်တန်းများမှ အခြေခံဘောလုံးသင်တန်း၊ ဘော်လီဘောသင်တန်း၊ Fitness Dance သင်တန်းတို့မှ သင်တန်းသားများ၏ သက်ဆိုင်ရာ အားကစားနည်းအလိုက် သရုပ်ပြလေ့ကျင့်ကစားပြသမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် Fitness Dance ၊ ရဝမ်တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး လူငယ်အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဇီးအွန်အသင်းနှင့် အောက်ရှန်ဂေါင်အသင်းတို့၏ အကြိတ်အနယ်ယှဉ်ပြိုင်ကစားမှုကို ဒေသခံဘောလုံးအားကစားဝါသနာရှင်များနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြရာ ဇီးအွန်အသင်းက ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။

ယင်းနောက်ပြည်နယ်သယံဇာတရေးရာဝန်ကြီးက ပထမဆုရအသင်းအတွက် တစ်ဦးချင်း ဆုတံဆိပ်များကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဆုဖလားကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**✳ ကျောဖုံးမှ**

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေး၊ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်လူမှုရေးရာ ဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖယ်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr. Wendwosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ့်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၁၁ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးလိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်မှ မေ ၁၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၇၀ အား စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် မှ ၈၂၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၈၄၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**☆ အင်တာမီလန်မှ**

အင်တာမီလန်အသင်းအနေနဲ့ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ဝင်ငွေစုစုပေါင်း ယူရို ၄၇၃ သန်းရရှိထားပြီး ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲကနေပြီးခဲ့တဲ့ဘောလုံးရာသီငွေစုစုပေါင်းရဲ့ ၄၀ ရာခိုင်နှုန်းကျော်ရရှိထားတာ ဖြစ်ပါတယ်။

**ယူရို ၁၀ ဒသမ ၅ သန်း ထပ်မံရရှိမှာဖြစ်**

အင်တာမီလန်အသင်းဟာ ချန်ပီယံလိဂ်ဖလားရရှိခဲ့မယ်ဆိုရင် ဖလားရရှိမှုအတွက် ယူရို ၆ ဒသမ ၅ သန်း၊ ဥရောပစူပါဖလားယှဉ်ပြိုင်ခွင့်ရရှိမှုအတွက် ယူရို ၄ သန်း စုစုပေါင်း ယူရို ၁၀ ဒသမ ၅ သန်း ထပ်မံရရှိမှာဖြစ်ပါတယ်။ **ငွေကြယ်**

**၁၇-၅-၂၀၂၅ ရက်နေ့မှ ၁၈-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမောဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




**၁၉-၅-၂၀၂၅ ရက်နေ့မှ ၂၀-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမောဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




**❖ နိုင်ငံတစ်ဝန်းမှ**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မေ ၁၈ ရက်မှ ၂၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ မေ ၁၄**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ပြောကြား**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက မိုးဦးရာသီကျရောက်လာပြီဖြစ်သည့်အတွက် သဘာဝဘေးနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုများ စီမံခန့်ခွဲမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သဘာဝဘေးနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ကော်မတီအလိုက် ဆွေးနွေးပြင်ဆင်မှုများ၊Table Top Exercises များ၊ ဇာတ်တိုက်လေ့ကျင့်မှုများ၊ လိုအပ်သည့်ပစ္စည်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ချိတ်ဆက်၍ တောင်းခံခြင်းများ၊ အသိပညာပေးလုပ်ငန်းများနှင့် မိုးလေဝသဆိုင်ရာ ညွှန်ကြားချက်များကို ကြိုတင်ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း၊ ပြည်နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း မိမိတို့ဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ညွှန်ကြားချက်များကို ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် သက်ဆိုင်ရာဌာနများသို့ ညွှန်ကြားချက်များ သိရှိအောင် ဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် သဘာဝဘေးနှင့်ပတ်သက်၍ ထိခိုက်မှုများ၊ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီများမှ သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းကူညီဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သဘာဝဘေးအန္တရာယ်ဆိုင်ရာလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် နိုင်ငံ့ဝန်ထမ်းအိမ်ရာများ၌ အခြေခံစားသုံးကုန်နှင့် အသား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာရောင်းချပေးနေမှု ကြည့်ရှုအားပေး

**ပဲခူး မေ ၁၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အပတ်စဉ် နိုင်ငံ့ဝန်ထမ်းအိမ်ရာများ၌ အခြေခံစားသုံးကုန်နှင့် အသား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း လိုက်လံကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ရှင်စောပုဝန်ထမ်းအိမ်ရာသို့ ရောက်ရှိရာ ဆန်၊ ဆီ၊ ကြက်သား၊ ဝက်သား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို တိုက်ရိုက်ဈေးနှုန်းဖြင့်ရောင်းချနေမှု၊ နိုင်ငံ့ဝန်ထမ်းများက ဝယ်ယူနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းအိမ်ရာများတွင်သာမက ရပ်ကွက်များအတွင်းသို့လည်း Mobile Shop များဖြင့် ရောင်းချပေးသွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဘုရင့်နောင်ဝန်ထမ်းအိမ်ရာသို့ရောက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီ၊ ကြက်သား၊ ဝက်သား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးပြီး အခြေခံစားသုံးကုန်များနှင့် အသား၊ ငါး၊ ဥ ပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

**ရောင်းချပေးလျက်ရှိ**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်ရှိ မြို့မဈေးများတွင် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ တိုက်ရိုက်အရောင်းဆိုင်များတွင်လည်း အခြေခံစားသုံးကုန်နှင့် အသား၊ ငါး၊ ဥတို့ကို ၂၀၂၃ ခုနှစ် ဇွန် ၆ ရက်မှစ၍ နေ့စဉ်ပိတ်ရက်မရှိ သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိသည့်အပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် သင်တန်းကျောင်းများရှိ အဆောင်နေ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများအတွက် အပတ်စဉ် အင်္ဂါနေ့ နံနက်ပိုင်းတွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများနေထိုင်ရာ ဝန်ထမ်းအိမ်ရာများတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင်လည်းကောင်း၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာများတွင် အပတ်စဉ် ကြာသပတေးနေ့ နံနက်ပိုင်းတွင်လည်းကောင်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၂၅ | ၂၉၃၅ | ၂၉၀၅ | ၂၈၄၀ | ၂၉၄၅ | ၂၉၆၀ | ၂၉၇၅ | ၂၈၉၅ | ၄၅၀၅ | ၃၁၉၀ | ၂၉၁၀ | ၂၉၁၅ | ၂၉၈၅ | ၂၉၅၀ | ၂၉၇၀ | ၃၂၂၅ |
| 95 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၆၀ | ၃၂၄၅ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၀၅ | ၃၀၃၀ | ၃၂၈၅ |
| HSD (500 ppm) | ၂၄၁၅ | ၂၅၂၅ | ၂၄၉၅ | ၂၄၃၀ | ၂၅၃၅ | ၂၅၅၀ | ၂၅၆၅ | ၂၄၈၅ | - | ၂၇၈၀ | ၂၅၀၀ | ၂၅၀၅ | ၂၅၇၅ | ၂၅၄၀ | ၂၅၆၀ | ၂၈၁၅ |
| HSD (50 ppm) | ၂၉၈၀ | ၃၀၉၅ | ၃၀၆၀ | ၂၉၉၅ | ၃၁၀၀ | ၃၁၁၅ | ၃၁၃၀ | ၃၀၅၀ | ၄၈၃၀ | ၃၃၄၅ | ၃၀၇၀ | ၃၀၇၀ | ၃၁၄၀ | ၃၁၀၅ | ၃၁၂၅ | ၃၃၈၅ |
| HSD (10 ppm) | ၂၉၈၀ | ၃၀၉၅ | ၃၀၆၀ | ၂၉၉၅ | ၃၁၀၀ | ၃၁၁၅ | ၃၁၃၀ | ၃၀၅၀ | - | ၃၃၄၅ | ၃၀၇၀ | ၃၀၇၀ | ၃၁၄၀ | ၃၁၀၅ | ၃၁၂၅ | ၃၃၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၀ | ၂၇၄၇ |
| 95 Ron | ၂၇၁၇ | ၂၈၀၅ |
| HSD (500 ppm) | ၂၂၆၂ | ၂၃၃၇ |
| HSD (50 ppm) | ၂၈၁၁ | ၂၈၉၇ |
| HSD (10 ppm) | ၂၈၁၁ | ၂၈၉၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ(ဝဇီပိတ်ဆရာတော်)၏ ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာပွဲ ကျင်းပ

ကျိုင်းတုံ မေ ၁၄

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ (ဝဇီပိတ်ဆရာတော်)၏ (၆၈)နှစ်မြောက် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာပွဲသို့ တက်ရောက်၍ ဆရာတော်အား ဖူးမြော်ကြည်ညိုသည်။

အခမ်းအနားတွင် ဆရာတော် သံဃာတော် ၆၅ ပါးတို့က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ (ဝဇီပိတ်ဆရာတော်)အား ဓမ္မာရုံတွင် ဆုတောင်းတရားတော်များ၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပေးကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဆရာတော် သံဃာတော် ၆၅ ပါးအား လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ လောင်းလှူပေးကြကာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးတို့က ရွှေမိုး၊ ငွေမိုးများ ရွာသွန်းပေးသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဆရာတော် သံဃာတော်ကြီးများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး ဆေးဘက်ကျွမ်းကျင်(၃) (ဓာတ်မှန်) သင်တန်းဖွင့်ပွဲတက်ရောက်

မကွေး မေ ၁၄

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ လမ်းညွှန်မှု၊ မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနဦးဆောင်မှုဖြင့် တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး ဆေးဘက်ကျွမ်းကျင်(၃) (ဓာတ်မှန်) ခြောက်လသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်လွင်က ဗဟိုအဆင့်/ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ဆေးရုံကြီးများတွင် လစ်လပ်လျက်ရှိသော ဆေးဘက်ကျွမ်းကျင်(၃)(ဓာတ်မှန်) ရာထူးနေရာများအား တိုးမြှင့်ခန့်ထားနိုင်ရေးအတွက် တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး (မကွေး) အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးရှိဆေးရုံကြီး ၁၃ ရုံတို့တွင် သင်တန်းသားဦးရေ စုစုပေါင်း ၃၀၀ ကို ယနေ့မှစပြီး တစ်ပြိုင်နက်တည်း သင်တန်းစတင် ဖွင့်လှစ်ခဲ့ကြောင်း၊ သင်တန်းသား သင်တန်းသူများကို ဆေးဘက်ကျွမ်းကျင်(၃) (ဓာတ်မှန်)ခြောက်လ သင်တန်းအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနက ပေးပို့လာသော ဆန်းစစ်ခြင်းပုံစံနှင့် သင်ရိုးညွှန်းတမ်းကို သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပါက အောင်မြင်သူများအား သင်တန်းဆင်း အောင်လက်မှတ်များ ထုတ်ပေးမည်ဖြစ်ပြီး သင်တန်းအောင်မြင်သူများအား ကုသရေးဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီ၏ အတည်ပြုချက်ရယူကာ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနအောက်ရှိ ပြည်သူ့ဆေးရုံများတွင် ရာထူးတိုးမြှင့်ခန့်ထားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို မကွေးမြို့ တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီးတွင် ဓာတ်မှန်ပညာဌာနမှ ပါမောက္ခ ဒေါက်တာစိမ်းမိုမို့ ဦးဆောင်သော သင်တန်းဆရာ ရှစ်ဦးက သင်တန်းသား ၂၉ ဦးအား သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မောင်ညီညာ

## ငလျင်အပြီး အဆောက်အအုံအကဲဖြတ်ခြင်းနှင့် ပြုပြင်ခြင်းနည်းပညာကို ပြည်ပပညာရှင်များက တစ်ရက်တာ သင်တန်းပို့ချ

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ်သည် EMI (Engineering Ministries International) အဖွဲ့အစည်းမှ နိုင်ငံခြားသား Registered Architects နှင့် Professional Engineers များဖြင့် One day Training ကို မေ ၁၂ ရက်က သင်္ဃန်းကျွန်းမြို့နယ် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာညဏ်သစ်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းဆရာများ ဖြစ်ကြသော Mrs. Sarah Dunn၊ Mr. Samuel Carrara၊ Mr. Craig Cole၊ Mrs. Jaclyn Miller တို့က သင်ကြားပို့ချမည့် ဘာသာရပ်အကြောင်း မိတ်ဆက်ပြောကြားပြီး Damage Assessment၊ Repair & Retrofit အကြောင်းကို ရှင်းလင်းပို့ချသည်။

ဆက်လက်၍ Disaster Risk Reduction for water & Sanitation နှင့် Build Back Safer Training of Trainers များအကြောင်းကို သင်တန်းဆရာများက ရှင်းလင်းပို့ချသည်။

သင်တန်းပို့ချမှုအပြီးတွင် တက်ရောက်လာသူများနှင့် အွန်လိုင်းဖြင့် တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ သင်တန်းဆရာများက ပြန်လည်ဖြေကြားသည်။

ထို့နောက် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးအေးလင်းက သင်တန်းဆရာများနှင့် ပံ့ပိုးကူညီကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး အထွေထွေအတွင်းရေးမှူးချုပ် ဦးကိုကိုလေးက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

မျိုးမင်းသူရ




## မိုးဦးရာသီစတွင် မြေဆွေးနှင့်နွားချေးဝယ်လိုအား များလာ

နောင်တရား မေ ၁၄



ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ နောင်တရားမြို့ အနီးပတ်ဝန်းကျင်၌ စိုက်ပျိုးမြေဆီ ပျက်စီးလာခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် မြေဆွေး၊ နွားချေး၊ ကြက်ချေးများကို ပြန်လည် အသုံးပြုလာသည့် အတွက် ဝယ်လိုအား များလာကြောင်း မြေဆွေးနှင့် နွားချေးရောင်းဝယ်သည့် ကုန်သည်တစ်ဦးထံမှ သိရသည်။

"စိုက်ပျိုးရေးစရိတ်တွေ မြင့်မားလာလို့ တောင်ယာလုပ်ငန်းတွေမှာ မြေဩဇာတွေ လျှော့သုံးပြီး မြေဆွေး၊ နွားချေး၊ ကြက်ချေးတွေကို ပိုသုံးလာတယ်။ မိဘတွေလက်ထက်ကတော့ နွားချေးနဲ့ မြေဩဇာ မျှသုံးတယ်၊ အရင်နှစ်တွေတုန်းကဆို နွားချေးမထည့်သုံးတော့ဘဲ မြေဩဇာကိုပဲ အလွန်အကျွံသုံးတော့ မြေချဉ်တာတွေဖြစ်လာပြီး စိုက်ပျိုးမရတော့ဘူး။ လုပ်အားခနဲ့ မြေဩဇာ၊ မျိုးစေ့တွေ ဈေးကြီးတော့ စိုက်ပျိုးရေးလုပ်ငန်းမှာ လျှော့ချလိုရာဆိုလို့ မြေဩဇာပဲရှိတယ်၊ ဒါကြောင့် မြေဩဇာအစား နွားချေးကို အစားထိုး ပြန်သုံးလာတာပါ" ဟု နောင်တရားမြို့ သာယာအနုန်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တောင်သူတစ်ဦးက ပြောသည်။

"မိုးကြိုကာလမှာ အာလူးနဲ့ ချင်း(ဂျင်း) တွေမှာ နွားချေးကို ပိုသုံးလာကြတော့ ယခုနှစ်ရာသီ နွားချေးရောင်းကောင်းပါတယ်" ဟု မြေဆွေးနှင့် နွားချေးရောင်းဝယ်သည့် ကုန်သည်တစ်ဦးက ပြောသည်။

နောင်တရားမြို့ ပတ်ဝန်းကျင်တွင် အာလူး၊ ချင်း၊ ဂေါ်ဖီထုပ်၊ ထောပတ်၊ လိမ္မော်၊ ရေဂု စသည့် အခြေခံ စားသောက်ကုန်များကို အဓိကထား စိုက်ပျိုးကြသည်။ အဆိုပါ သီးနှံများအတွက် ကုန်ကျစရိတ်များ လျှော့ချရန်နှင့် မြေဆီလွှာ ပြုပြင်ထိန်းသိမ်းရန်အတွက် မြေဆွေး၊ နွားချေးနှင့် ကြက်ချေးများကို ပိုမိုအသုံးပြုလာကြောင်း သိရသည်။

ခွန်အောင်(နောင်တရား)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေ ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဂုဏ်အသရေရှိသူဖြစ်နည်း

ပီမိုးနင်း

လူတို့သည် တစ်ယောက်ကိုတစ်ယောက် အဝတ်အစားကို ကြည့်ကာ အခြေအနေကိုအကဲခတ်လေ့ရှိကြလေသည်။

အဝတ်ကောင်း အစားကောင်းနှင့် ဖိနပ်ပြောင်ပြောင် ဝတ်သူကိုမြင်လျှင် လူကြီးလူကောင်းဖြစ်သည်ဟု ယုံကြည်ကြလေသည်။ သို့ဖြစ်၍ ယခုခေတ်ကာလ လူကြီး လူကောင်းဟုခေါ်သော Gentleman သည် အဝတ်ကောင်းအစားကောင်းကို ဝတ်သူများဖြစ်၍ နေကြလေသည်။

**ဥစ္စာမရှိသောသူသည် ဉာဏ်ရှိက ဥစ္စာရှိသူများနှင့် အဆင့်အတန်းတူအောင်လုပ်နိုင်ရန် နည်းလမ်းတစ်ခု ရှိသည်ကို သတိထားမိကြဟန်မတူချေ။ ထိုနည်းလမ်းကား အခြားမဟုတ်၊ တိုင်းကျိုးပြည်ကျိုး၊ သာသနာအကျိုး၊ ပညာအကျိုး၊ အစိုးရအကျိုး၊ ပြည်သူအမျိုးသားအကျိုး ကို အဟုတ်တကယ် လိုလားသောစိတ်နှင့် အခကိုမလိုဘဲ ဝင်ရောက်လုပ်ကိုင်၊ ကိုယ်တိုင်ကြီးကြပ် အခက်အခဲတို့၌ ဆုံးဖြတ်ကာ အကြံဉာဏ်ပေးပြီး ကိုယ်ဖိရင်ဖိ လုပ်ကိုင် တတ်ခြင်းဖြစ်**

ယခုအခါ ပြောင်ပြောင်လက်လက်ဝတ်ဖို့ရန် များစွာလွယ်ကူလေသည်။ အနည်းငယ် အစားအသောက်အသုံးကိုခြိုးခြံ၍ အဝတ်အစားကို ဂရုစိုက်တတ်သူတို့သည် အဝတ်ကို ပြောင်ပြောင်ဝတ်နိုင်ကြလေသည်။ အဝတ်အစားဈေးသည် စစ်မဖြစ်မီကဈေးလောက် မသက်သာသော်လည်း ငွေကြေးရှာ၍ရခြင်းမှာ ထိုအခါနှင့်မတူ။ ထိုအခါသမယ၌ လခ ၅၀ ရသူသည် စာရေးကြီးဟု အခေါ်ခံရ၏။ ယခုအခါ၌ကား လခ ၁၀၀ ရသူများပင် စာရေးကလေးမျှ ဖြစ်၍နေကြလေရာ ငွေအဝင်အရမှာ ရှေးကနှင့်မတူ များစွာတိုးတက်လေသည်။

သို့သော်လည်း ရှေးအခါက တစ်လလျှင် သုံးဆယ်ရသူသည် မိမိ၏လခနှင့် အလျဉ်မီအောင် သုံးနိုင်စားနိုင်၏။ ယခုအခါမှာ လခတစ်ရာ ရသူသည် တစ်လနှင့်တစ်လ အလျဉ်မီရန် များစွာခက်လေသည်။

သို့သော်လည်း အဝတ်အစားမှာမူ အညိုးအနွမ်းခံလေ့ မရှိကြဘဲ အစားကိုခြိုးခြံ၍ အဝတ်ကို ဆင်ကြသူများလည်း ရှိကြလေသည်။

သို့ဖြစ်သောကြောင့် အဝတ်အစားအရာ၌ ယခုအခါ သူဌေး၊ ဆင်းရဲ ဂုဏ်အသရေဟု ခြားနားခြင်းမရှိ၊ မသိမသာလမ်းခရီးမှာ မြင်ရသမျှသော သူတွေမှာ လူကြီးလူကောင်းချည်းဖြစ်၍ နေကြလေသည်။

ထိုအကြောင်းတို့ကိုထောက်သော် ဂုဏ်အသရေရှိသူ လူကြီး လူကောင်းဖြစ်သူကို အဝတ်အစားဖြင့် မသိရလျှင် အဘယ်အရာကို ထောက်သဖြင့် သိရပါမည်နည်းဟု မေးလျက်ရှိလေသည်။

လူကြီးလူကောင်းဆိုသည်မှာ ငွေရှိသူကိုလည်း မဆိုနိုင်၊ အဝတ်လှလှဝတ်သူကိုလည်း မဆိုနိုင်၊ အပေါင်းအသင်းများ၍ လည်ပတ်သူကိုလည်း မဆိုနိုင်၊ ဟန်ကြီးပန်ကြီးလုပ်ကာ စတိုင်ထင်သူကိုလည်း မဆိုနိုင်။ ရန်ကုန်မြို့ကြီး၏ ချောင်ဟူသမျှကို အကုန်နားလည်သောလူလည်ကိုလည်း မဆိုနိုင်။ ကြင်နာသနား တရားသောစိတ်ရှိသူ၊ ကိုယ်ချင်း စာနာတတ်သူ၊ ကူညီရိုင်းပင်းတတ်သူတို့ကိုသာ လူကြီးလူကောင်းဟူ၍ ခေါ်ဆိုအပ်လေသည်။

ထိုစိတ်ကောင်း စိတ်မြတ်မျိုးမရှိက ရှင်ဘုရင်ပင် ဖြစ်စေကာမူ လူကြီးမဟုတ်၊ အဘယ်မျှပင် ကြီးကျယ်၍နေစေကာမူ အဟိတ်တိရစ္ဆာန်များထက် အနည်းငယ်မျှသာ သာလွန်ထူးကဲလေသည်။

သို့သော်လည်း လူတို့၏စိတ်သည် ယခုသာမဟုတ်၊ ရှေးကလည်း အဝတ်အစား စည်းစိမ်ဥစ္စာကို ကြည့်ကာ လူ၏ဂုဏ်ကို ဆုံးဖြတ်တတ်ကြသဖြင့် ပညာရှိသောသူများပင်ဖြစ်စေကာမူ ဥစ္စာရှိသူလောက် ဂုဏ်မရှိ၊ သမာဓိ မရှိ၊ လူကြီးလူကောင်း မပီသသကဲ့သို့ မှတ်ထင်ခြင်း ခံကြရလေသည်။

ထိုကဲ့သို့ မှတ်ထင်ခြင်းခံရသည်မှာလည်း အခါခပ်သိမ်းအားဖြင့် မှတ်ထင်သူတို့ ၏ အပြစ်မဟုတ်ချေ။ အကြောင်းမူကား ဥစ္စာမရှိသောသူသည် ဉာဏ်ရှိက ဥစ္စာရှိသူများနှင့် အဆင့်အတန်းတူအောင် လုပ်နိုင်ရန် နည်းလမ်းတစ်ခုရှိသည်ကို သတိထားမိကြဟန်မတူချေ။ ထိုနည်းလမ်းကား အခြားမဟုတ်၊ တိုင်းကျိုးပြည်ကျိုး၊ သာသနာအကျိုး၊ ပညာအကျိုး၊ အစိုးရအကျိုး၊ ပြည်သူအမျိုးသားအကျိုးကို အဟုတ်တကယ် လိုလားသောစိတ်နှင့် အခကိုမလိုဘဲ ဝင်ရောက်လုပ်ကိုင်၊ ကိုယ်တိုင်ကြီးကြပ် အခက်အခဲတို့၌ဆုံးဖြတ်ကာ အကြံဉာဏ်ပေးပြီး ကိုယ်ဖိရင်ဖိ လုပ်ကိုင်တတ်ခြင်းဖြစ်လေသည်။ ထိုကဲ့သို့ လုပ်ကိုင်တတ်၍ အကျိုးဆောင်တတ်သူတို့မှာ စည်းစိမ်ဥစ္စာပင် မရှိသော်လည်း မင်းရော၊ သူဌေးရော မြှောက်စားသဖြင့် ဂုဏ်အသရေရှိ အထက်တန်းစားအဖြစ်သို့ ရောက်နိုင်လေသည်ဖြစ်ကြောင်း။ ။

# ရောက်လေရာမှာ ကြိုဆိုစေလိုလျှင်...

ခင်မောင်ညို (ဘောဂဗေဒ)

(၈-၅-၂၀၂၅ ရက်နေ့မှအဆက်)

ထိုဝါရင့်အယ်ဒီတာကြီးက ဟောပြောနေစဉ်တွင် နှစ်ကြိမ်တိုင်ဖြတ်ပြီး တရားဟော ဓမ္မကထိကလို ဟောပြောခြင်းကို သည်းခံရန်တောင်းပန်သည်။ "ကျွန်တော်ပြောတာတွေက ဓမ္မကထိကတစ်ဦး ပြောတာနဲ့တော့ တူနေတယ်။ ဒါပေမဲ့ ခင်ဗျားတို့ အောင်မြင်ချင်တဲ့ စာရေးဆရာတစ်ယောက် ဖြစ်ချင်ရင် လူတွေကို စိတ်ဝင်စားဖို့ တကယ်လိုတယ်။ အဲဒါ မမေ့နဲ့"ဟု ပြောပြသည်။

ဝတ္ထုရေးရာ၌သာမက လူများနှင့် မျက်နှာချင်းဆိုင်တွေ့သည့် အခါ၌လည်း လူများကို စိတ်ဝင်စားရန် အရေးကြီးသည်။

ဘရော့ဒ်ဝေးရှိ ပြဇာတ်ရုံများထဲက ဟိုးဝပ်သာစတန်၏ အဝတ်လဲခန်းထဲသို့ တစ်ညနေတွင် ရောက်သွားခဲ့ဖူးသည်။ သာစတန်သည် ထင်ရှားကျော်ကြားသော မျက်လှည့်ပညာရှင်တစ်ယောက် ဖြစ်သည်။ နှစ်ပေါင်းလေးဆယ်မျှ ကမ္ဘာအနှံ့သွားကာ ပရိသတ်ပေါင်းများစွာ ထင်ယောင်ထင်မှားဖြစ်အောင်၊ အံ့သြသံများ ထွက်လာအောင် အကြိမ်ကြိမ် အခါခါ လုပ်ခဲ့ဖူးသည်။ သူ့မျက်လှည့်ကို လူသန်းပေါင်း ၆၀ ကျော်က ဝင်ကြေးပေး၍ ကြည့်ကြရာ ဒေါ်လာ နှစ်သန်းကျော်မြတ်စွန်းခဲ့သည်။

ကျွန်တော်က မစ္စတာသာစတန် ယခုလို အောင်မြင်ရာတွင် မည်သည့်လျှို့ဝှက်ချက်ရှိသနည်းဟု မေးကြည့်ဖူးသည်။ သူအောင်မြင်သည်မှာ ကျောင်းပညာရေးနှင့်မဆိုင်။ ကလေးဘဝကပင် အိမ်ကထွက်ပြေးခဲ့ပြီး ကုန်ရထားတက်စီး၊ ကုန်ရထားတိုးအိပ်၊ တစ်အိမ်ဝင်တစ်အိမ်ထွက် စားစရာ လိုက်တောင်းကာ လမ်းဘေးက ဆိုင်းဘုတ်များ လိုက်ဖတ်ရင်း စာတတ်လာခဲ့သူဖြစ်သည်။

အခြား မျက်လှည့်ဆရာများထက်လည်း ဘာမျှ ထူးထူးခြားခြား ပိုမတတ်။ မျက်လှည့်ပညာအကြောင်း ရေးထားသည့်စာအုပ်များ ရာချီရှိပြီး သူ့ထက်တတ်သော မျက်လှည့်ပညာရှင်များလည်း အများကြီး ရှိသည်။ သို့သော် သူတစ်ပါးနှင့်မတူသော အရည်အချင်းနှစ်ခု သူ့မှာရှိသည်။ ပထမတစ်ခုမှာ သူ၏ ကိုယ်ရည်ကိုယ်သွေးဖြစ်သည်။ သူသည် တကယ့်သရုပ်ဆောင်တစ်ယောက်ဖြစ်သည်။ လူ့သဘာဝကို ကောင်းကောင်း နားလည်သည်။ သူလုပ်သမျှကိစ္စတိုင်း ကိုယ်ဟန်လက်ဟန်က အစ၊ လေယူလေသိမ်း အလယ်၊ မျက်တောင်တစ်ချက်ခတ်တာအဆုံး သေသေချာချာ လေ့ကျင့်ထားသည်။ သူ့လှုပ်ရှားမှုမှန်သမျှကို တစ်စက္ကန့်မတိမ်း သေသေချာချာ စီစဉ်ထားသည်။

ဒုတိယ အရည်အချင်းမှာ သာစတန်က လူတွေကို တကယ် စိတ်ဝင်စားသည်။ မျက်လှည့်ပညာရှင် အတော်များများက ပရိသတ်ကို ကြည့်ပြီးနောက် "အချဉ်တွေတော့ရောက်နေပြီ။ ငါ အရှူးလုပ်ပစ်လိုက်ဦးမှ"ဟု ကိုယ့်စိတ်ထဲက ပြောမိတတ်ကြသည်။ သို့သော် သာစတန်က သူတို့နှင့် မတူ။ သူ ဇာတ်ခုံပေါ် တက်သည့်အခါတိုင်း "ဒီလူတွေဟာ ငါရဲ့ ကျေးဇူးရှင်တွေ၊ သူတို့ လာကြည့်ကြပေလို့ ငါအသက်ရှင်နေရတယ်။ ကျေးဇူးရှင်တွေကို အတတ်နိုင်ဆုံး ကျေးဇူးဆပ်ရမယ်။ အတတ်နိုင်ဆုံး ကြိုးစားပြရမယ်"ဟု သူ့ကိုယ်သူ ပြောလေ့ရှိသည်။

**ဒုတိယအရည်အချင်းမှာ သာစတန်က လူတွေကို တကယ်စိတ်ဝင်စားသည်။ မျက်လှည့်ပညာရှင်အတော်များများက ပရိသတ်ကိုကြည့်ပြီးနောက် "အချဉ်တွေတော့ရောက်နေပြီ။ ငါ အရှူးလုပ်ပစ်လိုက်ဦးမှ"ဟု ကိုယ့်စိတ်ထဲက ပြောမိတတ်ကြသည်။ သို့သော် သာစတန်က သူတို့နှင့် မတူ။ သူဇာတ်ခုံပေါ်တက်သည့်အခါတိုင်း "ဒီလူတွေဟာ ငါရဲ့ကျေးဇူးရှင်တွေ၊ သူတို့လာကြည့်ကြပေလို့ ငါအသက်ရှင်နေရတယ်။ ကျေးဇူးရှင်တွေကို အတတ်နိုင်ဆုံးကျေးဇူးဆပ်ရမယ်။ အတတ်နိုင်ဆုံး ကြိုးစားပြရမယ်"ဟု သူ့ကိုယ်သူ ပြောလေ့ရှိ**

သူသည် ပရိသတ်ကို မေတ္တာမပို့ဘဲ ဇာတ်ခုံပေါ် တက်လေ့မရှိ။ အူကြောင်ကြောင်နိုင်သည်ဟု ထင်ချင်လျှင် ထင်ပါ၊ ကြိုက်သလိုထင်ပါ။ ခေတ်အဆက်ဆက်တွင်အအောင်မြင်ဆုံး မျက်လှည့်ဆရာတစ်ယောက် အသုံးပြုသောနည်းလမ်းကို ဝေဖန်ဖြည့်စွက်ချက် တစ်စုံတစ်ရာမပါဘဲ အရင်းအတိုင်း လက်ဆင့်ကမ်းနေခြင်းဖြစ်သည်။

ပင်ဆယ်ဗေးနီးယားပြည်နယ် နေ့သ်ဝါရင်က ဂျော့ချ်ဒိုက်သည် နှစ်ပေါင်း ၃၀ ခန့် သူ အလုပ်လုပ်ခဲ့သော လုပ်ငန်းမှ အကြောင်းအားလျော်စွာ အငြိမ်းစားပေးခံရသည်။ သို့သော် သူ့ခမျာ ကြာကြာပျင်းချိန်မရလိုက်ပါ။ တယောအိုလေးတစ်လက် စမ်းထိုးကြည့်ပြီး အားလပ်နေသောအချိန်ကို အသုံးပြုသည်။ အခြားသူများ၏ တယောသံကို လိုက်နားထောင်သည်။ အောင်မြင်ကျော်ကြားသည့် စောင်းသမားများ၏လက်သံကို နားထောင်သည်။ နည်းယူသည်။ သူ့ကိုယ်သူနှိမ့်ချ၍ ရင်းရင်းနှီးနှီး ပညာဆည်းပူးရုံမျှသာမက ဂီတပညာရှင်များအားလုံး၏နောက်ကြောင်းကအစ သူစိတ်ဝင်စားသည်။ သူကိုယ်တိုင်က တယောသမား အကျော်အမော် မဟုတ်သော်လည်း ဂီတနယ်တွင် မိတ်ဆွေများ အများကြီး ရလာခဲ့သည်။ ပြိုင်ပွဲတွေလိုက်ဝင်သည်။ မကြာမီ ဂီတဝါသနာအိုးများအကြားတွင် လူသိထင်ရှားလာခဲ့သည်။ "တယောဆရာကြီး ဦးလေးဂျော့ချ်"ဟု သူ့ကို ချစ်စနိုးခေါ်ကြသည်။

ဦးလေးဂျော့ချ်အကြောင်း ကျွန်တော်တို့ ကြားရတော့ သူ အသက် ၇၂ နှစ်အရွယ် ရှိနေပြီ။ သူ့ဘဝသူ ပျော်မွေ့နေသည်။ အခြားသူများကို တစ်ချိန်လုံး စိတ်ပါဝင်စားခြင်းကြောင့် အခြားသူများက လူအိုကျောင်းကြိုကျောင်းကြားဟု ပြောနေချိန်၊ သူတို့အတွက် ခေတ်ကောင်းတွေ ကုန်ပြီဟုဆိုနေချိန်တွင် ဘဝသစ်တစ်ခုကို တည်ဆောက်နိုင်ခဲ့သည်။

သမ္မတကြီး ရုစဗဲ့ကို လူကြိုက်များသည်မှာလည်း ထိုအကြောင်းကြောင့်ပင်ဖြစ်သည်။ သူ၏ ဝန်ထမ်းများကပင်လျှင် သူ့ကိုချစ်ကြသည်။ သူ၏ အခိုင်းအစေ ဂျိမ်းမ်စ်၊ အီး၊ အမော့စ်က သူ့ဆရာအကြောင်း အတ္ထုပ္ပတ္တိတစ်အုပ် ရေးခဲ့ဖူးသည်။

'တစ်ရက်မှာ ကျွန်တော့်မိန်းမက သမ္မတကြီးကို ငှက်ကလေးတစ်ကောင် အကြောင်းမေးတယ်။ သူလည်း တစ်ခါမျှကို မမြင်ဖူးတဲ့ငှက်ဆိုတော့ သမ္မတကြီးကလည်း အသေးစိတ်ကို ရှင်းပြတယ်။ ခဏနေတော့ တယ်လီဖုန်းမြည်သံကြားရတယ်။ ကျွန်တော့်ဇနီးက တယ်လီဖုန်းကို ထူးလိုက်တော့ တစ်ဖက်က ပြောတဲ့သူဟာ သမ္မတကြီးကိုယ်တိုင် ဖြစ်နေတယ်။ တံခါးပေါက် အပြင်ဘက်မှာ စောစောကသူပြောခဲ့တဲ့ငှက်ကလေးတစ်ကောင်နားနေတာ လှမ်းကြည့်လိုက်တဲ့။ အဲဒီလို အသေးအဖွဲ့ကအစ သူဂရုစိုက်တာ။ ကျွန်တော်တို့ အိမ်ဘေးက သူဖြတ်သွားရင်လည်း နာမည်တကြော်ကြော် အော်ခေါ်တတ်တယ်။ လူမမြင်ရင်တောင် နာမည်အော်ခေါ်ပြီး ဖြတ်သွားတတ်တယ်'

ထိုသို့သော လူတစ်ယောက်ကို မည်သည့် ဝန်ထမ်းကမျှ သဘောမကျဘဲ နေနိုင်မည်မဟုတ်ပါ။ ဘယ်အခါဖြစ်ဖြစ် သဘောကျနေမည်သာဖြစ်ပါသည်။

သမ္မတတပ်(ဖ်) အိမ်ဖြူတော်၌ မရှိသည့်အခိုက် တစ်ရက်တွင် အိမ်ဖြူတော်သို့ သမ္မတဟောင်း ရုစဗဲ့ ရောက်သွားသည်။ အိမ်ဖြူတော် ဝန်ထမ်းဟောင်းအားလုံးကို နာမည်ခေါ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ မီးဖိုဆောင်က အချက်အပြုတ်သမား အဲလစ်ကို တွေ့သည့်အခါ ပြောင်းနှင့်လုပ်ထားသည့် ပေါင်မုန့်ဖုတ်သေးသလားဟု မေးသည်။ အဲလစ်က ဝန်ထမ်းများအတွက် တစ်ခါတလေလုပ်သော်လည်း လူကြီးပိုင်းက ဘယ်သူမျှမစားကြဟု ပြန်ဖြေသည်။ သမ္မတဟောင်းကြီးက သမ္မတအသစ်ကို တွေ့လျှင် သူပြောပြလိုက်ဦးမည်ဟု ဆိုသည်။ အဲလစ်က မုန့်ယူကျွေးသောအခါ ယူစားပြီး ပါးစပ်ထဲ ပလုတ်ပလောင်းနှင့်ပင် ဥယျာဉ်မှူးနှင့် အလုပ်ကြမ်းသမားများကို လိုက်နှုတ်ဆက်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ငါးလုပ်ငန်းဦးစီးဌာနက ရုံးအမှတ်(၃၆)တွင် ငါးခြောက်(ငါးတံခွန်)များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချ



နေပြည်တော် မေ ၁၄

မန္တလေးလျှောင်ကြီးကြောင့် နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အချို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာနမှ ရုံးအမှတ်(၃၆)၌ ယနေ့တွင် ငါးခြောက် (ငါးတံခွန်)များအား ဝန်ထမ်းများနှင့် မိသားစုဝင်များ အတွက် သက်သာသောနှုန်းထားဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့သည်။ ယင်းသို့ ရောင်းချခဲ့ရာ နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်း နှင့် စစ်ဆေးရေးဦးစီးဌာနနှင့် နေပြည်တော် လေကြောင်းရဲတပ်ဖွဲ့တို့မှ လာရောက်ဝယ်ယူခဲ့ပြီး စုစုပေါင်း ငါးခြောက်ပိဿာချိန် ၅၀၀ အား ရောင်းချ ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍လည်း အပတ်စဉ်ရောင်းချရန် စီမံထားရှိပြီး ဝန်ကြီးဌာနများသို့ ကြိုတင် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# "ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ်၊ မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၄

"ချစ်စရာ့အရွယ် ကစားကြမယ်"ကလေးအစီအစဉ်ကို MRTV-HD Channelမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ မေ ၁၇ ရက် စနေနေ့ နံနက် ၁၁




နာရီတွင် ရန်ကုန်မြို့ရှိ လှိုင်သာယာ(၁) မူလတန်းကြိုကျောင်းနှင့် လှိုင်သာယာ (၂) မူလတန်းကြိုကျောင်းတို့မှ ကလေး ငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နှင့် ကလေးငယ်များအချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်း ဆက်ဆံတတ်စေရန် ရည်ရွယ်ချက် များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည် ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည် ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင် မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့် အပြင် MRTV Entertainment Channel တွင်လည်း မေ ၁၈ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ MRTV – HD Channel တွင် မေ ၁၉ ရက် တနင်္လာနေ့ ညနေ ၄ နာရီ သတင်းအပြီးတွင်လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနအိမ်ရာ၊ အပိုင်း(၂)၊ တိုက်(၁၆)၊ အခန်း(၀၀၅)၊ (အလျား ၂၂ ပေ x အနံ ၂၂ ပေ)အကျယ် အဝန်းရှိ တိုက်ခန်းမှာ ဒေါ်ခင်ဦးကြည် [၃/ဘအန(နိုင်)၀၂၀၇၁၀] ကိုင်ဆောင်သူ ပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပါသည်။ ၎င်းတိုက်ခန်းကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၂)ရပ်ကွက်၊ ယုဇနအိမ်ရာ၊ အပိုင်း(၁)၊ မြသီတာလမ်း၊ အခန်း(၃၀၆)၊ တိုက်(၁၈)နေ ဦးဇော်ဝင်းထွဋ် [၃/ဘအန(နိုင်)၂၂၂၈၅၄]နှင့် ဒေါ်ဆုစန္ဒီထွန်း [၁၂/စခန (နိုင်) ၀၆၈၄၆၈]တို့အား ဒေါ်ခင်ဦးကြည်မှ အပြီးအပိုင်ရောင်းချလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်သရဖီမြင့်ဆွေ
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၈၇၆)
အမှတ်(၄၃)၊ ပျဉ်းမနားမြို့နယ်တရားရုံးလမ်း၊ ဘိုကုန်းမြို့နယ်၊
နေပြည်တော်။ ဖုန်း–၀၉–၄၃၀၁၆၅၉၇

# "K– Music Show" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် မေ ၁၄

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ "K– Music Show" တေးဂီတ ဖျော်ဖြေပွဲကို မေ ၁၆ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ကိုရီးယားနိုင်ငံတွင် ကြယ်လေးပွင့်အဆင့်ရှိသည့် ရိုးရာတူရိယာပညာရှင် ဟန်ချယ်ဝန်းနှင့် Girls Alert Group (GSA)၊ ကြယ်သုံးပွင့် အဆင့်ရှိသည့် Henny နှင့် Layers အဖွဲ့၊ ကြယ်နှစ်ပွင့် အဆင့်ရှိသည့် Dream kids ကလေးအဖွဲ့တို့က မြူးကြွ သွက်လက်သည့် အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြ မည် ဖြစ်သည်။




ယင်းအစီအစဉ်ကို MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း လွှင့်တင်မည်ဖြစ်၍ တစ်ချိန်တည်း ဝင်ရောက် ကြည့်ရှုနိုင်မည့်အပြင် မေ ၁၈ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် MRTV HD Channel မှ Replay ထပ်မံပြသမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**Facebook လူမှုဆက်သွယ်ရေးကွန်ရက် (Social Media) တွင် E–visa Travel & Tours ကုမ္ပဏီ၊ ဦးကျော်နိုင်(ခ)ဦးယူနွတ်စ်[၁၀/မလမ(နိုင်)၁၂၀၁၁၄] နှင့် Manarsik Travel & Tour ကုမ္ပဏီတို့ နစ်နာစေရန် မဟုတ်မမှန် Post ရေးသားဖြန့်ချိခြင်း ပြုလုပ်ခဲ့သည့် Jack Sama အမည်ပါ Facebook Account ပိုင်ရှင်နှင့် အဆိုပါ နစ်နာစေရန် မဟုတ်မမှန် ရေးသားထားသည့် Post အား Facebook လူမှုဆက်သွယ်ရေး ကွန်ရက်တွင် Share ဖြန့်ချိခြင်း ပြုလုပ်နေကြသူများအား သတိပေးတားမြစ်ခြင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်–၁၅နေ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးကျော်နိုင်(ခ)ဦးယူနွတ်စ်[၁၀/မလမ(နိုင်)၁၂၀၁၁၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေး ကြေညာအပ်ပါသည်–

Jack Sama အမည်ပါ Facebook Account ပိုင်ရှင်သည် (၁၂–၅–၂၀၂၅)ရက်နေ့ ညပိုင်းအချိန်ခန့်တွင် Facebook လူမှုဆက်သွယ်ရေးကွန်ရက် (Social Media)၌ ၎င်း၏ Jack Sama အမည်ပါ Facebook Account ဖြင့် Attention Please ခေါင်းစဉ်တပ်၍ မှန်ကန်ခြင်းမရှိသော အကြောင်းအရာများဖြင့် E–visa Travel & Tours ကုမ္ပဏီ၊ ဦးကျော်နိုင်(ခ)ဦးယူနွတ်စ် နှင့် Manarsik Travel & Tour ကုမ္ပဏီတို့၏ ဂုဏ်သိက္ခာ ကျဆင်း နစ်နာစေရန် မဟုတ်မမှန် Post ကို ရေးသားဖြန့်ချိခဲ့ပြီး၊ အဆိုပါ မဟုတ်မမှန်သော Post ကို Facebook လူမှုဆက်သွယ်ရေးကွန်ရက် အသုံးပြုသူအချို့က Share ဖြန့်ချိခြင်းပြုလုပ်ခဲ့သည်ကို တွေ့ရှိခဲ့ရပါသည်။ ဦးကျော်နိုင်(ခ)ဦးယူနွတ်စ်သည် ဦးခင်ရွှေအလီနှင့် လည်းကောင်း၊ City World Travel & Tour နှင့်လည်းကောင်းပတ်သက်မှုမရှိသည့်အပြင် Manarsik Travel & Tour သည်လည်း ဦးဟာစန်အလီနှင့်လည်းပတ်သက်မှုမရှိဘဲ လူအများအထင် အမြင်လွဲမှားစေရန် Jack Sama အမည်ပါ Facebook Account ပိုင်ရှင်သည် မဟုတ်မမှန် Post ကို ဖန်တီးရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဦးကျော်နိုင်(ခ)ဦးယူနွတ်စ်က Jack Sama အမည်ပါ Facebook Account ပိုင်ရှင်အပေါ် ဆက်သွယ်ရေး ဥပဒေပုဒ်မ–၆၆(ဃ)အရ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြို့မရဲစခန်းတွင်(ပ)အမှတ်–၃၃၈/၂၀၂၅ ဖြင့် အမှုဖွင့်လှစ်ထားပြီး ဖြစ်ရာ အဆိုပါ Jack Sama အမည်ပါ Facebook Account ပိုင်ရှင်၏ မဟုတ်မမှန် Post ကို Share လုပ်ခြင်းသည်လည်း ဥပဒေဖောက်ဖျက်ကျူးလွန်သူကို အားပေးရာရောက်သဖြင့် ရာဇဝတ်မကင်းသော အပြုအမူ ဖြစ်ပါသည်။ သို့ဖြစ်၍ Facebook လူမှုဆက်သွယ်ရေးကွန်ရက် (Social Media) တွင် E–visa Travel & Tours ကုမ္ပဏီ၊ ဦးကျော်နိုင်(ခ) ဦးယူနွတ်စ် နှင့် Manarsik Travel & Tour ကုမ္ပဏီတို့၏ ဂုဏ်သိက္ခာကျဆင်း နစ်နာစေရန် မဟုတ်မမှန်ရေးသား Post တင်ခြင်း၊ ယင်း Post များကို Share ဖြန့်ချိခြင်းများကို မပြုလုပ်ကြရန်နှင့် ပြုလုပ်ထားသည်များကိုလည်း အမြန်ဆုံးဖျက်သိမ်းကြရန်၊ လိုက်နာခြင်းမရှိက ဥပဒေနှင့်အညီ ထိုသို့ပြုလုပ်သူများအပေါ် တရားစွဲဆိုရလိမ့်မည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏ညွှန်ကြားချက်နှင့်အညီဖြစ်ပါသည်။

ဦးကျော်နိုင်(ခ)ဦးယူနွတ်စ်[၁၀/မလမ(နိုင်)၁၂၀၁၁၄] ၏
လွှဲအပ်ညွှန်ကြားချက်အရ

| | | |
|---|---|---|
| ဒေါ်သစ်သစ်မြင့်အောင်(LL.B) | ဒေါ်နွေးနွေးလင်း(LL.B) | ဒေါ်သဲစုကျော်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်–၁၂၁၇၈) | (စဉ်–၄၁၃၀၈) | (စဉ်–၃၈၅၃၃) |

ရုံး၊ အမှတ်–၆၁၊ ပထမထပ်၊ ၄၄–လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၄၅၈၆၉၅၇၅၁၊ ၀၉–၅၀၆၁၆၂၄

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တောင်ကြီးမြို့ (ဌာနပိုင်မြေပေါ်တွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်နိုင်ရေး အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ကွင်းအမှတ်(၈၀)၊ ဦးပိုင်အမှတ်(၂၇)၊ မြေဧရိယာ (၃.၀၁၅)ဧကပေါ်တွင် ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာ (၂)ခန်းတွဲ(၃)ထပ် (၄၈'x၃၆'x၃၁') ဆောက်လုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင် မည်သူမဆို Open Tender လျှောက်လွှာတင်သွင်းနိုင်သည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်ဒါပုံစံ စတင်ရယူနိုင်သည့်ရက် - ၁၅-၅-၂၀၂၅ ရက်
(ခ) တင်ဒါပုံစံရယူနိုင်သည့်နေရာ - ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့ (ရုံးချိန်အတွင်း)
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့ (ရုံးချိန်အတွင်း)
(ဃ) တင်ဒါမှတ်ပုံတင်ကြေးနှင့်ပေးသွင်းရမည့်နေရာ - ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့ (ရုံးချိန်အတွင်း)
(င) တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် - ၂၈-၅-၂၀၂၅ ရက် ၁၆:၀၀ နာရီ
(စ) တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်နှင့်အချိန် - ၂၉-၅-၂၀၂၅ ရက် ၁၆:၀၀ နာရီ

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဌာနခွဲ(၁)၊ ဌာနစု(၂)၊ အုပ်ချုပ်/ထောက်ပံ့ဌာနစိတ် ဖုန်းအမှတ်-၀၈၁-၂၁၂၁၀၈၂ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ဖိုးဝင်း(၂)လမ်း၊ အမှတ်(၇၄၁)၊ အကျယ်အဝန်း(၄၀x၆၀)ပေအနက်မှ (၂၀x၆၀)ပေ(ခြေရင်းဘက်ခြမ်း)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်အိတာစိုးလွင်[၁၂/ဒဂရ(နိုင်)၀၁၈၈၁၉]၏ ကိုယ်စားမိခင်ဖြစ်သူ ဒေါ်ခင်မျိုးဝင်း [၁၂/ဒလန(နိုင်)၀၂၃၄၈၁]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နေခြည်လင်းကျော် [၁၂/မဂဒ(နိုင်)၁၂၃၂၅၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါလျှင် ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်(၇)ရက်ကျော်လွန်လျှင် အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးချစ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၅၈)**
**အမှတ် (၅၈)၊ပထမထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၉၉၄၇၄၊ ၀၉-၇၉၉၉၂၉၆၉၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-တ/၄၁၊ လူနေရပ်ကွက်အမှတ်-တ/၁၅၊ ဝိဇ္ဇူရလမ်း၊မြေကွက်အမှတ်-၇၀၄(ခ)၊ အကျယ်ပေ(၂၀X၆၀)ရှိ ဦးလှညွန့် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား အဆင့်ဆင့်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားပိုင်ဆိုင်လျက်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိ ကြောင်းဝန်ခံပြောဆိုသူ ဒေါ်ကြည်ကြည်အောင် [၁၂/လမန(နိုင်) ၀၂၇၀၆၀] ကိုင်ဆောင်သူထံမှဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးတင်ယုအောင် [၈/တတက(နိုင်)၂၁၈၁၀၈] ကိုင်ဆောင်သူမှ စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဦးတင်ယုအောင် [၈/တတက(နိုင်)၂၁၈၁၀၈]**

**ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှိုင်ဝင်းထွန်း(LL.B,D.CBL) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၇၉)**
**အမှတ်-၃၅(က)၊ ဗိုလ်အောင်ကျော်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၂၉၃၈၈၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ မကွေးလမ်း၊ မြေတိုင်းအမှတ်(၄၅)၊ မြေကွက်အမှတ်- (၄၈၈/ခ)၊ မြေအမည်ပေါက်-ဦးမောင်မောင်တင် [၁၂/မဘန(နိုင်)၀၁၀၁၃၇]၊ မြေအမျိုးအစား-ပါမစ်မြေဟုခေါ်တွင်သည့် အလျား(၂၀)ပေx အနံ(၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်- (၄၈၉/က)နှင့် ကပ်လျက်ရှိသည့် အလျား(၁၀)ပေx အနံ(၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ယခုအပိုင်ရောင်းချသူ ဦးထွန်းအောင်လှိုင် [၁၂/မရက(နိုင်)၁၃၀၁၉၃]မှ မိမိသာလျှင် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူဒေါ်မြတ်မဥ္ဇူနိုင်[၁၂/ဥကမ(နိုင်)၂၄၉၀၃၅]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၈၀၃၈)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အားမီနီကွန်ဒို၊ သုမင်္ဂလာလမ်းမကြီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ရုံးဖုန်း- 09-260087755, 09-421123477**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉-ဘီ၊ မြေကွက်အမှတ်- ၂၁၁၊ အကျယ်အဝန်း (၄၀ပေx၆၀ ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၂၁၁၊ အကောက်ခွန် (၇)လမ်း၊ (၃၉-ဘီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ၁။ ဒေါ်တင်မြတ်မိုး [၁၂/ဗတထ(နိုင်)၀၁၉၀၆၁]၊ ၂။ ဦးရဲထွန်း [၁၂/ဗတထ(နိုင်)၀၁၉၁၆၆]၊ ၃။ ဦးလှိုင်ထွေး [၆/ကသန(နိုင်)၀၀၀၃၂၃]တို့ (၃)ဦးအမည်ပေါက်လျက်ရှိသော နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ပိုင်ရှင်များထံမှ (၂၂-၄-၂၀၂၅)ရက်စွဲပါ ဆက်စပ်စာချုပ်အရ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဆွေဆွေဦး [၁၂/ဥကတ(နိုင်)၂၀၄၄၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော် တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၀၀၃၁၂၉၂**

## ပျောက်ဆုံးကြောင်း

ဦးဝင်းမြင့် (ပိုင်) သံ-၁၄၈၅/ CBR - 0236 ရေယာဉ်၏ လုပ်ငန်းလိုင်စင်စာအုပ်အပိုင်း (၁+၂)တို့ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-750097663**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၁-၂၀၂၅ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂၃)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ပိုးအိအိစံ+၁ ကြော်ငြာတွင် မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၃၀၅)ကြော်ငြာမှ တရားဝင်မခွဲစိတ်ထားသည့် ခေါင်းရင်းခြမ်း၊ အတွင်းအကျယ်အဝန်း အစား ခေါင်းရင်းခြမ်း၊ အစွန်ဆုံးအကျယ်အဝန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဘလှိုင်(ဘ) ဦးစံအေးမောင်[၁၁/ပတန(နိုင်)၀၄၈၁၀၇] ကိုင်ဆောင်သော ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသော ပွဲနင်းမှုးလက်မှတ်အမှတ်- REV-1936/2015 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၇၆၈၃၉၄၅**

## ပျောက်ဆုံးကြောင်း

ဦးမျိုးလွင်ဦး(ပိုင်)သံ-၁၄၉၂/ CBR - 0239 ရေယာဉ်၏ လုပ်ငန်းလိုင်စင်စာအုပ်အပိုင်း (၁+၂)တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-681475504**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်- ၃၃၊ မြေကွက်အမှတ်- ၈၁၃/က၊ ဧရိယာ(၀.၀၂၇)ဧက၊ မြေကွက်တည်နေရာ အမှတ်(၈၁၃/က)၊ သာစည်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးအောင်မျိုးမင်း [၁၂/မဂတ(နိုင်)၀၉၁၂၃၀] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက်ကိုယ်တိုင်မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်လျှောက်ထားခဲ့ခြင်းနှင့်စပ်လျဉ်း၍ (၂၀၂၀)ခုနှစ်တွင် အမည်ပေါက် ဦးအောင်မျိုးမင်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ (General Power) ရရှိသူ ဒေါ်ခင်မို့မို့ရီ ထုတ်ယူထားသည့် ဘဏ်ချေးမြေပုံမှာ မည်သည့်ဘဏ်တွင်မျှ ချေးယူထားခြင်းမရှိကြောင်း၊ ယင်းမြေပုံမှာ အိမ်အပြောင်းအရွှေ့၌ ပျောက်ဆုံးသွားကြောင်း၊ အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုအထောက်အထားများသည်လည်း ၎င်း၏လက်ဝယ်တွင်ရှိကြောင်း၊ ယင်းဘဏ်ချေးမြေပုံမူရင်း ပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ၎င်းမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းမရှိကြောင်း အင်းစိန်ခရိုင်တရားရုံးတွင် ကျမ်းကျိန်မှတ်ပုံတင်အမှတ်- ၅၄၈/၂၅-၃-၂၀၂၅ ဖြင့် ကိုယ်တိုင်ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား တို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဦး [၁၂/ပဇတ(နိုင်)၀၂၀၃၇၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာ(၇)လမ်း၊ အမှတ်-၃၁၃ (က+ခ)၊ ပေ (၄၀'x၆၀') မြေကွက်တွင် ၃၁၃ (က)၊ ပေ (၂၀'x၆၀') မြေအကျယ်ရှိ မြေအမည်ပေါက်ပိုင်ရှင်ထံမှ (၁၁-၄-၁၉၉၆) ရက်စွဲပါ စာချုပ်ဖြင့် (၁၀'x၆၀')အား ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူခဲ့ပါသည်။ ကျန် (၁၀'x ၆၀') မြေအား အခြားမြေရှင်တစ်ဦးမှ ဝယ်ယူခဲ့ပါသည်။ အထက်ဖော်ပြပါ မြေကွက်အမှတ်-၃၁၃(က) (၂၀'x ၆၀') မြေကွက်နှင့် ဘေးချင်းကပ်လျက်ရှိသော မြေကွက်အမှတ်-၃၁၃(ခ) (၂၀'x ၆၀') ရှိ မြေကွက်(၂)ကွက်ကို မြေပိုင်ရှင်(၃)ဦးတို့မှ ပူးပေါင်း၍ စုစုပေါင်း (၄၀'x၆၀')မြေကွက်ပေါ်တွင် (၃)ခန်းတွဲ (၅)ထပ်ခွဲ ကန်ထရိုက်တိုက်သဘောတူဆောက်လုပ်ခဲ့ကြပါသည်။ ထိုသို့ဆောက်လုပ်သည့်အချိန်မှစ၍ ကျွန်ုပ်တို့၏မိတ်ဆွေက တိုက်ဆောက်လုပ်ပြီးစီးပြီး ယနေ့အချိန်ထိ အထက်ပါ(၃)ခန်းတွဲ (၅)ထပ်ခွဲတိုက်၏ မြေညီထပ်(အလယ်ခန်း)နှင့် တိုက်မျက်နှာမူလျှင် ဒုတိယထပ် (ယာဘက်ခြမ်း) တိုက်ခန်း(၂)ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးတည်းကသာ လက်ရှိထားပိုင်ဆိုင် စီမံခန့်ခွဲနေထိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေမီစော (LL.B, DIPL, PGDL) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၆၃)**
**ဦးကျော်ထွန်းကို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၉)**
**အမှတ်-၅၆၅၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃/စီ)၊ MAC Tower ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၃၇၂၄၈၂၄၊ ၀၉-၇၉၅၃၉၉၆၃၈၊ ၀၉-၄၂၃၇၂၄၈၀၇**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်နေ (ဘ) ဦးစန်းလွင်၏ သမီး မတင်ဇာမို့မို့လွင် [၉/ညဥန(နိုင်)၁၈၁၉၇၉]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၉၁၃၄၁၆**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်နေ (ဘ) ဦးညွန့်စိန်၏ သား မောင်အောင်ကိုဝင်း [၉/ညဥန(နိုင်) ၁၆၂၇၉၅]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-251913416**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်နေ (ဘ) ဦးအောင်ကိုဝင်း၏သား မောင်ထွဋ်မြတ်ဝင်း၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၉၁၃၄၁၆**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးစိုင်းကိုကို၏ သမီး မစုစန္ဒာထွန်း [၁၂/မဘန (နိုင်) ၁၄၄၀၄၀]၏ နိုင်ငံကူးလက်မှတ်(အမှတ်-MF-924055)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၈၈၉၇၇၂၉**

## အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ စံပယ်လမ်းရှိ မြေကွက်အမှတ်(၁၂၃)၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ မြေအမျိုးအစား- စလစ်အနီ(ပါမစ်မြေ)သည် ဗိုလ်မှူးမောင်မောင်ရှိန် (ZLN-၀၂၉၂၁၀) အမည်ဖြင့် ချထားပေးခြင်းခံရပြီး မြေကွက်အမှတ်(၁၂၄)၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ မြေအမျိုးအစား- စလစ်အနီ (ပါမစ်မြေ)သည် ဒေါ်ထွေးထွေးကြည် (NBN-၀၃၂၀၀၃)အမည်ဖြင့် ချထားပေးခြင်း ခံရသူများဖြစ်ပါသည်။ ဖော်ပြပါမြေကွက်(၂)ကွက်စလုံးကို ၎င်းတို့ထံမှ **"နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်"**အရ ဦးရွှေသန်း[၁၂/လကန(နိုင်) ၀၉၀၃၂၄]မှ ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုင်းဘဦး [၁၃/သပန(နိုင်)၀၂၈၂၅၆]က ဖော်ပြပါမြေကွက်တွဲလျက် (၂)ကွက်ကို ဝယ်ယူရန် နှစ်ဖက်သဘောတူထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းဘဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်နိုင်စိုး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၀၄၈)**
**၄က်ပျောတော (၇)လမ်း၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၀၀၄၃၅၉၁၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ကြီးပွားရေးအိမ်ရာ၊ တိုက်အမှတ်(၁၂)၊ အခန်း(၀၁) မူလအမည်ပေါက် ဦးမျိုးညွန့် [၁၃/ကခန(နိုင်)၀၂၈၀၄၂]ထံမှ ဦးတေဇာအောင် [၁၂/တမန(နိုင်) ၀၉၇၅၆၂]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ ) ဗိုလ်တထောင်ခရိုင်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၇ နှင့် ဆက်နွှယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃၄။

| | | |
|---|---|---|
| ဦးမင်းသိန်းထိုက် | နှင့် | ၁။ ဒေါ်အေးရှိန် |
| | | ၂။ ဦးကျော်နိုင် |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ (၁၅)လမ်း၊ အမှတ်(၅)နေ (၁)တရားရှုံးဖြစ်သော ဒေါ်အေးရှိန် (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၇ တွင် ကျရှိသည့် **ဒီကရီကို အတည်ပြုပေးစေလိုမှု** ဤရုံးတော်တွင် **တရားနိုင်**က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေ လ ၂၉ ရက် ( ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ မေ လ ၁၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မီမီဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေခလာလမ်း၊ အမှတ်(၈၆၇/ခ)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၈၆၇/ခ)၊အကျယ်အဝန်း(၂၀'×၆၀') အကျယ်ရှိ ဒေါ်ခင်သန္တာဦး အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်သန္တာဦး(၇/ကပက(နိုင်)၀၆၂၄၅၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ခိုင်စန်း (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁)**
**ဒေါ်နှင်းနုလွင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)**
အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊(၆၁)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ်(၁၇၄၃+၁၇၄၄)၊ မြေတိုင်းရပ်ကွက်အမှတ် (၆၁)၊ မြေကွက်အမှတ် (၁၇၄၃+၁၇၄၄)၊ ဧရိယာ(၀.၁၁၀)ဧက အကျယ်ရှိ ဦးမိုဟာမက်အူစမာန်(ခ)သိန်းအောင် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမိုဟာမက်အူစမာန်(ခ) ဦးသိန်းအောင် (၁၂/ပဘတ(နိုင်)၀၁၃၉၅၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ) ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ခိုင်စန်း (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁)**
**ဒေါ်နှင်းနုလွင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)**
အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၃)၊ မြေကွက်အမှတ်(၂၅၀၁)၊ ဦးအောင်ချိန့် (ISN-၂၀၃၂၈၆)၊ စာရင်းအမှတ်(၈၁၆) အမည်ပေါက်(၄၀x၆၀)ပေ ပါမစ်မူရင်းမြေကွက်မှ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အရောင်းအဝယ်စာချုပ်အဆက်စပ်မူရင်းများနှင့် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးနီလာထွန်း [၉/ပမန(နိုင်)၁၂၂၂၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဆန်းလင်း [၉/မလန(နိုင်)၁၃၃၃၇၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ(၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဆန်းလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၃)၊ မြေကွက်အမှတ်(၁၅၆၇)၊ ဦးကြည်သန်း [၁၂/စခန(နိုင်)၀၂၀၆၉၆]၊ စာရင်းအမှတ်(၂၉၈၉) အမည်ပေါက် ပေ(၄၀x၆၀) ပါမစ်မူရင်းမြေကွက်မှ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အရောင်းအဝယ်စာချုပ်အဆက်စပ်မူရင်းများနှင့် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးနီလာထွန်း [၉/ပမန(နိုင်)၁၂၂၂၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမြိုင် [၉/မလန(နိုင်)၁၅၇၉၈၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ လူကိုယ်တိုင် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သဇင်လမ်းပေါ်တွင်တည်ရှိသည့် The GEMS Garden Condominiums Building-3, 20th Floor, Room No-07 ဟုခေါ်တွင်သော ကွန်ဒိုအခန်းအပါအဝင် ယင်းကွန်ဒိုအခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အားလုံးတို့ကို အဆက်အစပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူ လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းခိုင် [၁/မညန(နိုင်)၀၀၀၉၁၄]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်သာဦး LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၈၄/၂၀၂၁)**
**အမှတ်(၁၉)၊ ရှော်ဖီအိမ်ရာ၊ ဗဟိုလမ်း၊ (၇)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-887587889, 09-768211112**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ အမှတ်-၂၃၊ ၂-ခန်းတွဲ၊ ခတ်လေ့ကားပါ၊ (၈ ၁/၂)ထပ်တိုက်၏ ဒုတိယထပ်၊ ၃-လွှာ(ခေါင်းရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးနိုင် [၅/မရန(နိုင်)၁၁၄၃၄၇] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်မမ [၁၂/သဃက(နိုင်)၀၂၉၅၈၇] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသူရိန်မြင့် LL.B** | **ဒေါ်ဆုမွန်ဆွေLL.B,D.B.L** |
| **(စဉ်-၉၅၂၁/၂၀၁၃ ခုနှစ်)** | **(စဉ်-၁၂၈၁၈/၂၀၁၇ ခုနှစ်)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ စိုက်ပျိုးကျေးရွာတွင် နေထိုင်သော ဦးထွန်းခိုင် [၉/ကပတ(နိုင်)၀၃၀၇၃၁]နှင့် ဒေါ်မြသွေး [၁၃/ညရန(နိုင်)၀၆၈၉၄၃]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ သားဖြစ်သူ မောင်ထွန်းမင်းခိုင် [၁၃/ညရန(နိုင်)၁၃၁၇၁၂]သည် မိဘဖြစ်သူများ၏ ပြောဆိုဆုံးမမှုကို နာခံမှုမရှိသည့်အပြင် မိဘဖြစ်သူများ ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်မိုး (LL.B, D.B.L)** | **ဦးမောင်မောင်မျိုးလှိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၂၁၇)** | **(စဉ်-၁၄၆၀၄)** |

**အမှတ်-၂၀၅(A)၊ ၃၅-လမ်း(အထက်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၄၁၇၇၁၊ ၀၉-၇၉၉၈၉၆၀၉၃**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-မန္တလေး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆေးတက္ကသိုလ်-မန္တလေး၏ ၂၀၂၅-၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့်-

(က) ပါမောက္ခချုပ်နေအိမ်(၃၃၇')၊ မြေပေါ် ၆' (အုတ်၃'+သံပန်း၃')
(မြေအောက်၄' ၆" (Plinth ၁' ၆'') (RCတိုင်၊ RC G.B)
(Brick+ Iron Grill) ခြံစည်းရိုးကာရံခြင်းလုပ်ငန်း(Barbed Wire အပါ)

လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်လိုပါ၍ တရားဝင်အသိအမှတ်ပြုလိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက် - ၁၅-၅-၂၀၂၅၊ (ကြာသပတေးနေ့)
တင်ဒါပိတ်မည့်ရက် - ၂၈-၅-၂၀၂၅၊ (ဗုဒ္ဓဟူးနေ့)
- ညနေ(၄:၀၀)နာရီ

၃။ တင်ဒါ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးတက္ကသိုလ်-မန္တလေး၊ ၀၂-၄၀၃၆၆၃၇၊ ၀၂-၄၀၃၉၀၃၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးတက္ကသိုလ်-မန္တလေး**

## မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၂၁၁ အရ INDEPENDENT EDUCATION PARTNERS COMPANY LIMITED အား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ပတ်သက်၍ နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

INDEPENDENT EDUCATION PARTNERS COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

အစည်းအဝေးကျင်းပမည့်ရက် - ၂၀၂၅ ခုနှစ်၊ ဇွန်လ (၃၀)ရက်
အစည်းအဝေးကျင်းပမည့်အချိန် - နံနက် ၁၀:၀၀ နာရီ
အစည်းအဝေးကျင်းပမည့်နေရာ - ကုမ္ပဏီရုံးခန်း

INDEPENDENT EDUCATION PARTNERS COMPANY LIMITED ၏ စာရင်းများကို ပြုစုဆောင်ရွက်ထားပြီး အစုရှင်များသို့ ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူလိုပါသဖြင့် ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**ဦးတင်ဝင်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ (MAIP MEMBER-00230)**
**INDEPENDENT EDUCATION PARTNERS COMPANY LIMITED**
**Liquidator Office: The Solution Power Legal Consultant and Investment Co.,Ltd**
**အမှတ်-၁၉၊ ရွှေကမ္ဘာအိမ်ရာ၊ (၉)လမ်း၊ မင်းဓမ္မလမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-5098942, 09-795921932**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ စုပေါင်းအဆောက်အအုံအမှတ်(၄)၊ စတုတ္ထထပ်၊ အခန်းအမှတ်(၄၀၅)၊ တိုက်ခန်းအား အရပ်ကတိအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဦးမင်းလွင် (K/RGN-023157) [၁၂/ပဇတ(နိုင်)၀၀၃၆၈၂] ထံမှ ကျွန်ုပ်မိတ်ဆွေမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညိုမာမြင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၄၉)**
**အမှတ်(၁၃၈)၊ဖောင်တော်ဦးဘုရားလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ 09-970530207, 09-254526062**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃
## မှော်ဘီခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၂

**ကွယ်လွန်သူ ဦးသောင်းထွန်း၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

| | |
|---|---|
| **ဒေါ်ရီရီချို** | **လျှောက်ထားသူ** |

**ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကံကလေးအမ်အုပ်စု၊ ကံကလေးကျေးရွာ၊ မ- မရှိတွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသောင်းထွန်း** ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို **၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့ (၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၉ ရက်နေ့)** တွင် ချိန်းဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသောင်းထွန်း၏ ကျန်ရစ်ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော **၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့ (၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၉ ရက်နေ့)** နံနက် (၁၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူများ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ မေလ ၁၃ ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဝင်းခင်မိုးဆင့်)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၇၊ မြေကွက်အမှတ် (၇၆၂)၊ အကျယ်အဝန်း (၄၀ × ၆၀)ပေရှိ ဦးလှရွှေအမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရွှေစု (၁၂/ကမတ(နိုင်) ၀၅၁၅၁၂) + ၁ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်စုဟန် (၉/မခန(နိုင်)၂၁၇၄၆၇)က အပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင် ပါသည်။ ထိုရက်မှ ကျော်လွန်ပါကဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဦးမြတ်ထွန်း (B.Sc, R.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉-၉၇၄၀၀၀၁၉၃၊၀၉- ၄၅၄၅၄၅၂၂၁

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့ဟောင်း(၄)လမ်း၊ အမှတ် (၃၀၆)၊ (၂)ခန်းတွဲ (၃)ထပ်တိုက်မှ မြေညီထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂½ × ၅၀)ပေရှိ တိုက်ခန်းနှင့် မြေအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ခင်အေး (၁၂/မရက(နိုင်)၁၉၁၉၄၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သီသီဆွေ (၁၂/မရက(နိုင်) ၁၅၈၉၅၁)က အပြီးအပိုင်ဝယ်ယူခဲ့ပြီး လက်ဝယ်ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။

အဆိုပါတိုက်ခန်းနှင့်မြေအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်သီသီဆွေမသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ပေါင်နှံ၊ ပေးကမ်းလွှဲပြောင်းရောင်းချခြင်းမပြုလုပ်ရန်နှင့်ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဦးမြတ်ထွန်း (B.Sc, R.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉-၉၇၄၀၀၀၁၉၃၊၀၉- ၄၅၄၅၄၅၂၂၁

## ကန့်ကွက်နိုင်ပါသည်

